မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်၊ ၂၀၀၉ ခုနှစ်၊ ဇူလိုင် ၃၀ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၈)၊ အမှတ် (၂၉၈)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မော်ရိုကိုနိုင်ငံ အကြီးအကဲထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၃၀

၂၀၀၉ ခုနှစ် ဇူလိုင် ၃၀ ရက်တွင် ကျရောက်သော မော်ရိုကိုနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ မော်ရိုကိုနိုင်ငံအကြီးအကဲ ဆဋ္ဌမမြောက် မိုဟာမက်ဘုရင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

အာဆီယံသည် တစ်ကမ္ဘာလုံးတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အမြန်ဆုံးဒေသတစ်ခုဖြစ် စီးပွားရေးနှင့် လူဦးရေတိုးတက်မှုတို့ကြောင့် စွမ်းအင်လိုအပ်ချက်များ များပြားလာ

မြန်မာနိုင်ငံသည် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများတွင် တက်ကြွစွာပါဝင်လျက်ရှိ စွမ်းအင်ဖူလုံစိတ်ချရရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် ပတ်ဝန်းကျင်ပျက်စီးမှု လျော့ကျစေရေး အာဆီယံ+၃၊ EAS နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းသွားမည်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် (၂၇)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက် ၈ နာရီခွဲတွင် မန္တလေးမြို့ မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည့် (၂၇)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲအခမ်းအနား (The Opening Ceremony of the Twenty-Seventh ASEAN Ministers on Energy Meeting)သို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ●

မြန်မာနိုင်ငံသည် စွမ်းအင်ဖူလုံ စိတ်ချရမှုကို ထိန်းသိမ်းရန် ဆောင်ရွက်လျက်ရှိပြီး တစ်ချိန်တည်းမှာပင် အစားထိုးစွမ်းအင်နှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှုကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် စွမ်းအင်ထိရောက်စွာ အသုံးချရေးနှင့် ခြိုးခြံချွေတာရေးအစီအစဉ်များကိုလည်းအကောင်းဆုံး ကြိုးစားဆောင်ရွက်လျက်ရှိ။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၉ ခုနှစ် ဇူလိုင် ၃၀ ရက်)

ကျန်းမာကြံ့ခိုင်သော လူ့မှုဘဝပြည့်စုံရန် ကျင့်ကြံနေထိုင် ကာယစွမ်းအား၊ ဉာဏစွမ်းအားများ ဖြည့်တင်းစွမ်းဆောင်

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားပြည်သူများ သက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ရေး၊ ရောဂါဘယကင်းဝေးရေးတို့အတွက် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို တိုးမြှင့်ဖြည့်ဆည်းပေးလျက်ရှိသည်။

ကျန်းမာရေးလုပ်ငန်းသည် လူတိုင်းနှင့်သက်ဆိုင်ပြီး တစ်ကိုယ်ရေသန့်ရှင်းမှု၊ ပတ်ဝန်းကျင်သန့်ရှင်းမှု၊ ရေကောင်းရေသန့်သုံးစွဲမှုတို့သည် အဓိကကျ၍ အသက်ရှင်နေထိုင်နိုင်ရေးအတွက် စားဝတ်နေရေးသည် အခြေခံလိုအပ်ချက်ဖြစ်သည်။

ယင်းတို့အနက် အစားအစာသည် အရေးကြီးဆုံးသော လိုအပ်ချက်ဖြစ်ရာ နေ့စဉ်စားသုံးသော အစားအစာသည် ခန္ဓာကိုယ်အတွက် လိုအပ်သော အာဟာရများကို အချိုးညီညီဖြည့်တင်းရန် လိုအပ်ပေသည်။ အာဟာရဓာတ် ပေါကြွယ်ဝသော ပဲအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများကို ပိုမိုစားသုံးကြရမည် ဖြစ်သည်။

အစားအစာအန္တရာယ်ကင်းရှင်းမှုသည်လည်း အရေးကြီးသောအခန်းမှပါဝင်နေပြီး အန္တရာယ်ကင်းရှင်းသော အစားအစာသည် ပြင်ဆင်ချက်ပြုတ်ရာတွင်လည်းကောင်း၊ စားသောက်ရာတွင်လည်းကောင်း စားသုံးသူ၏ကျန်းမာရေးကို ထိခိုက်မှုမဖြစ်သော အစားအစာကို ဆိုလိုခြင်းဖြစ်သည်။

အစားအစာကြောင့် ဖြစ်ပွားသောရောဂါများကို လူတို့ခံစားကြရခြင်း၊ အစားအစာမှတစ်ဆင့် ကူးစက်သောရောဂါများဖြစ်ပွားခြင်း၊ အစားအစာကြောင့် အသက်အန္တရာယ်ထိခိုက်မှုဖြစ်ခြင်းတို့သည် စားသုံးသောအစားအစာကြောင့် ရရှိသောဆိုးကျိုးများဖြစ်သည်။

အစားအစာကြောင့် ဆီးချို၊ သွေးချိုရောဂါ၊ နှလုံးအဆီဖုံးရောဂါ၊ သွေးတိုးရောဂါတို့အဖြစ်များသဖြင့် လူတိုင်းက သတိပြုဆင်ခြင်စားသုံးကြရမည် ဖြစ်သည်။

သို့ဖြစ်ပေရာ လူတိုင်းကျန်းမာကြံ့ခိုင်သော လူမှုဘဝချမ်းသာမှုနှင့်ပြည့်ဝစေရန် နိုင်ငံတော်အတွက် ကာယစွမ်းအား၊ ဉာဏစွမ်းအားအပြည့်အဝ ပေးစွမ်းနိုင်သော နိုင်ငံ့သားကောင်းရတနာများဖြစ်စေရန် ပြည်သူများက ကျန်းမာရေးသတိဖြင့် ပြုမူကျင့်ကြံနေထိုင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သီရိမင်္ဂလာခုံးကျော်တံတား တည်ဆောက်မှုလုပ်ငန်း ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့် လိုအပ်သည်များမှာကြား

နေပြည်တော် ဇူလိုင် ၂၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဇူလိုင် ၂၆ ရက်က စစ်ကိုင်းမြို့ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၄)က တာဝန်ယူတည်ဆောက်လျက်ရှိသော သီရိမင်္ဂလာခုံးကျော်တံတားသို့ ရောက်ရှိရာ အင်ဂျင်နီယာမှူးကြီး ဦးမျိုးဝင်းက တံတားတည်ဆောက်ရေးလုပ်ငန်းများနှင့် ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ဖြတ်သန်းသွားလာနိုင်

အဆိုပါ သီရိမင်္ဂလာခုံးကျော်တံတား အမျိုးအစားမှာ သံကူကွန်ကရစ်တံတားတိုင်၊ သံကူကွန်ကရစ်ရက်မနှင့် ကြမ်းခင်းတို့ဖြင့် တည်ဆောက်ထားကာ တံတားရှည် ၄၈၅ပေ၊ ယာဉ်သွားလမ်းအကျယ် ၄၈ ပေ၊ ယာဉ်လေးလမ်းသွားနှင့် လူသွားလမ်းတစ်ဖက်လျှင် လေးပေစီပါရှိကာ ရထားလမ်းကင်းလွတ်အမြင့် ၁၇ပေ၊ အကျယ် ၅၂ ပေရှိပြီး တံတား၏ ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း တန် ၆၀ဖြစ်၍ ဤတံတားကြီး ပြီးစီးသွားပါက မန္တလေးမှ မြစ်ကြီးနားသို့ သွားလာသည့်ရထားများအား စောင့်ဆိုင်းစရာမလိုဘဲ ခုံးကျော်တံတားပေါ်မှ အချိန်ကုန်သက်သာစွာဖြင့် ဖြတ်သန်းသွားလာနိုင်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမက(၂၈) အင်းစိန်၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် မြို့နယ်ပညာရည်ချွန်ဆုပေးပွဲတွင် မြို့နယ်အဆင့် ပထမဆုရ မအိအိတင်ထွေးအား ကျောင်းအုပ်ဆရာကြီး ဦးစောအုန်းရွှေက ဆုချီးမြှင့်စဉ်။ (ပညာရေး)

ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် ကျောင်းဆောင်သစ်ဖွင့်ပွဲတက်ရောက်

နေပြည်တော် ဇူလိုင် ၂၉

သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်လိုက်ပါလျက် ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက လွိုင်ကော်မြို့နယ် လောခလေးကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ ပြည်နယ်လက်ထောက်ပညာရေးမှူး (စီမံ) ဦးဗိုလ်မြင့်က ကျောင်းဆောင်သစ်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ကျောင်းအုပ်ဆရာကြီး ဦးလှမောင်က ကျောင်းဆောင်သစ်နှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ပြည်နယ်လက်ထောက်ပညာရေးမှူး(စီမံ)ထံ ပေးအပ်သည်။ ဆက်လက်၍ ဝန်ကြီးနှင့်ပြည်နယ် ဥက္ကဋ္ဌတို့က ကျောင်းအတွက် ဗလာစာအုပ်များကို ပေးအပ်လှူဒါန်းကြကာ ဒေသခံရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် တာဝန်ရှိသူများက ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ဝန်ကြီးနှင့် ပြည်နယ်ဥက္ကဋ္ဌတို့က ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ဝန်ကြီးက ကျောင်းအတွက်ကွန်ပျူတာတစ်စုံ ပေးအပ်လှူဒါန်းသည်။ **(ဝဲပုံ)**

ဆောင်ရွက်

ထိုမှတစ်ဆင့် ဝန်ကြီး၊ ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် လောခလေးကျေးရွာ တိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး လူနာများအား တွေ့ဆုံအားပေးစကား ပြောကြားပြီး ဆေးရုံအတွက် လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးကြသည်။

ဖြည့်ဆည်း

ဝန်ကြီးနှင့် ပြည်နယ်ဥက္ကဋ္ဌတို့သည် မွန်းလွဲပိုင်းတွင် လွိုင်ကော်မြို့ ပြည်နယ်ဘိုးဘွားရိပ်သာသို့ ရောက်ရှိပြီး အဘိုးအဘွားများအား ထောက်ပံ့ငွေများလှူဒါန်း၍ အဘွားဆောင်တိုးချဲ့ဆောက်လုပ်ရန် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးနှင့်ပြည်နယ်ဥက္ကဋ္ဌတို့သည် လွိုင်ကော်မြို့ ထေးဒွားလျား ကျေးရွာသို့ ရောက်ရှိပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ ဗလာစာအုပ်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၃၀-၇-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ အမျိုးသားရေးတေးကဗျာ
- ၄:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၄၀ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၅:၀၀ ၇။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၂၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၂။ လျှပ်တစ်ပြက်
- ၆:၄၀ ၁၃။ ကာတွန်းအစီအစဉ် **ပြိုင်ကားကလေးဇက်ပါ** (အပိုင်း-၂၀)
- ၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်သောရောင်စဉ်** (အပိုင်း-၄)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ အနုပညာရှင်၏တစ်နေ့တာ
- ၁၉။ ကုန်သွယ်သုတ
- ၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စစ်မှုရေးရာအနုပညာ** (အပိုင်း-၁၈)
- ၂၂။ မိုးကုတ်ဆရာတော်ကြီး ထေရုပ္ပတ္တိ (အပိုင်း-၂၄)

အခြေခံရေဝေရေလဲဒေသ ထိန်းသိမ်းရေးသင်တန်း ဖွင့်ပွဲအခမ်းအနား ရှာငံတွင် ကျင်းပ

ရှာငံ ဇူလိုင် ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ရှာငံမြို့နယ်တွင် အခြေခံ ရေဝေရေလဲဒေသ ထိန်းသိမ်းရေးသင်တန်း အမှတ်စဉ်(၁/၂၀၀၉) ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၃ရက် နံနက် ၉ နာရီက မင်းတိုင်ပင်သစ်တောစခန်း၌ ကျင်းပခဲ့သည်။

တက်ရောက်

အခမ်းအနားတွင် သစ်တောတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးအုန်းဝင်းက သင်တန်းဖွင့် အမှာစကားပြောကြားပြီး သစ်တောဦးစီးဌာနရုံးချုပ် ရေဝေရေလဲဒေသ အုပ်ချုပ်ရေးဌာန ညွှန်ကြားရေးမှူး ဦးတင်အေးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ ရေဝေရေလဲဒေသများ စနစ်တကျ အုပ်ချုပ်ခြင်း၏ အရေးပါမှုနှင့် နိုင်ငံတော်၏ တည်ဆောက်ပြီး တည်ထောင်ဆဲ တာတမံများ ရေရှည်တည်တံ့ရေး ဆောင်ရွက်ရာတွင် နားလည်တတ်ကျွမ်းသော ဝန်ထမ်းများ၏ အခန်းကဏ္ဍတို့ကို ပြောကြားခဲ့သည်။**(အောက်ပုံ)**သင်တန်းသို့ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ကယားပြည်နယ်မှ တောအုပ်အဆင့် သင်တန်းသား ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်ခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

ခင်ဦးမြို့နယ်၌ လမ်းဖြစ်၊ မြောင်းဖြစ် ဆောင်ရွက်

ခင်ဦး ဇူလိုင် ၂၉

ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ပိတောက်ကုန်းကျေးရွာတွင် နွေစပါး၊ မိုးစပါးများ စိုက်ပျိုးနိုင်ရန်အတွက် လက်ဝဲတူးမြောင်း (O.M.C)မှ ပိတောက်ကုန်းကျေးရွာအဝင်အထိ အရှည်ပေ ၂၅၀၀ကို မြေတူးစက်ဖြင့် လမ်းဖြစ်၊မြောင်းဖြစ် ဆောင်ရွက်ခဲ့ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်လွင်၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးချစ်ငွေနှင့် ဆည်မြောင်းဦးစီးဌာန လက်ထောက်အကောက်ခွန်မှူး ဦးဝင်းသူထိုက်တို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြသည်။ (၁၈၂)

● *ရှေ့ဖုံးမှ*

တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီးဦးသောင်း၊ သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ အာဆီယံနိုင်ငံများနှင့် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများဖြစ်ကြသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့မှ စွမ်းအင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ် Mr. Pushpanathan Sundram၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငြေး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် ယခုကဲ့သို့အရေးပါသည့် (၂၇)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတွင် အမှာစကားပြောကြားခွင့်ရသည့်အတွက် အလွန်ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများ၏ ကိုယ်စားလှယ်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဩစတြေးလျနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့မှ ကိုယ်စားလှယ်များအား ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူများကိုယ်စား သမိုင်းဝင်မန္တလေးမြို့မှ နွေးထွေးစွာ ကြိုဆိုပါကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အာဆီယံနိုင်ငံများ၊ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများဖြစ်ကြသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့မှ စွမ်းအင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ်တို့အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

လက်ခံတွေ့ဆုံ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အာဆီယံနိုင်ငံများ၊ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများဖြစ်ကြသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့မှ စွမ်းအင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ်တို့အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နှစ်ထောင်းအားရ

အရေးပါသည့် အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေးအပါအဝင် အာဆီယံစွမ်းအင်ဝန်ကြီးများနှင့် အဆင့်မြင့်စီးပွားရေးလုပ်ငန်းရှင်ကြီးများအကြား အစည်းအဝေးများ၊ ဖိုရမ်နှင့် ဆွေးနွေးပွဲများကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခွင့်ရရှိသည့်အတွက် နှစ်ထောင်းအားရဖြစ်မိပါကြောင်း။

စွမ်းအင်ဖူလုံမှု၊ ရာသီဥတုပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုနှင့် ကမ္ဘာ့ငွေကြေးအကျပ်အတည်းစသည့် ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများကို မိမိတို့ ရင်ဆိုင်နေရသည့်အချိန်တွင် ဤအစည်းအဝေးကြီး ကျင်းပခြင်းဖြစ်ကြောင်းကို အားလုံးသိရှိပြီးဖြစ်ကြောင်း။

ထို့အပြင် ဤဒေသအတွင်းရှိ မိမိတို့၏ ပြည်သူအားလုံးတွင် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးသည့် အကျိုးသက်ရောက်မှုများရှိနေကြောင်း၊ ထို့ကြောင့် အာဆီယံဒေသတွင်းနိုင်ငံအားလုံးအတွက် ယခုစိန်ခေါ်မှုများကိုစုစည်း၍ အကျိုးရှိထိရောက်စွာ ဖြေရှင်းသွားရန်ဖြစ်ကြောင်း။

လက်တွဲဆောင်ရွက်

ဤအစည်းအဝေး၏ဆောင်ပုဒ်မှာ "အာဆီယံ၏ အနာဂတ်စွမ်းအင်ဖူလုံစိတ်ချရေးနှင့် စဉ်ဆက်မပြတ်အောင်မြင်မှုကို ရှေးရှုဆောင်ရွက်ရေး" ဖြစ်ကြောင်း၊ ယခုရင်ဆိုင်ကြုံတွေ့နေရသော အဖြစ်အပျက်များအားလုံးနှင့် မိမိတို့၏ အနာဂတ်ရည်မှန်းချက်များအတွက်

စာမျက်နှာ ၅ ကော်လံ ၃ သို့

မှတ်တမ်းတင် ဓာတ်ပုံရိုက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် (၂၇)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ် Mr. Pushpanathan Sundram၊ အာဆီယံနိုင်ငံများ၊ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများဖြစ်ကြသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့မှ စွမ်းအင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

30-7 (03).pmd 1 7/30/2009, 2:20 AM

အီရတ်-အာဖဂန်သတင်းများ

ကားဗုံးပေါက်ကွဲ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အနောက်ပိုင်း ရမန်ဒါဒေသရှိ စားသောက်ဆိုင်အပြင်ဘက်၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဇူလိုင် ၂၇ရက်က တွေ့ရစဉ်။ (ယင်းဖြစ်ပွားမှုကြောင့် အရပ်သားသုံးဦးသေဆုံးပြီး ၁၃ဦးဒဏ်ရာရရှိခဲ့သည်။)

(အင်တာနက်ဓာတ်ပုံ)

တည်ငြိမ်မှုမရှိသောဘဂ္ဂဒက်မြို့တော်၌ ရာဇဝတ်မှုများထူပြောလာ ဘဏ်စားပြတိုက်မှုကြောင့် ဘဏ်လုံခြုံရေးဝန်ထမ်းများသေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၂၉

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်အလယ်ပိုင်း၌ ဘဏ်စားပြတိုက်မှုတစ်ရပ် ဇူလိုင် ၂၈ရက် နံနက်စောစောပိုင်းကဖြစ်ပွားခဲ့ရာ ဘဏ်လုံခြုံရေးဝန်ထမ်းရှစ်ဦးသေဆုံးခဲ့သည်ဟု ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ဇူဝီရက်ဘဏ်မှ ဝန်ထမ်းများမှာ နံနက်စောစောရုံးသို့အရောက်တွင် သေဆုံးနေသည့်လုံခြုံရေးဝန်ထမ်းများအား ထိတ်လန့်ဖွယ်တွေ့ရှိခဲ့ကြရသည်။

ပစ်သတ်ခံခဲ့ရသည့် ဘဏ်လုံခြုံရေးဝန်ထမ်းများအား ဓားပြများက အခန်းလွတ်တစ်ခုအတွင်း စုပုံထားကြောင်း အမည်မဖော်လိုသူတစ်ဦးက ဆင်ဟွာသို့ ပြောကြားသည်။

စုံစမ်းစစ်ဆေး

ဘဏ်မြေတိုက်ခန်းတံခါးများမှာ ပျက်စီးနေခဲ့ပြီး ငွေအမြောက်အမြားလည်း ပျောက်ဆုံး လျက်ရှိသည်။ ဓားပြများ ယူဆောင်သွားသည့် ငွေပမာဏကိုမူ သတင်းထုတ်ပြန်ခြင်း မရှိသေးသော်လည်း စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

ဒဏ်ရာရရှိ

ဇူလိုင် ၂၆ရက်ကလည်း ငွေလဲလှယ်ရာရုံးတစ်ရုံးသို့ သေနတ်သမားများဝင်ရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ သုံးဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိသွားခဲ့သည်။

အမေရိကန်နှင့် အီရတ်တပ်ဖွဲ့ဝင်များက ပြီးခဲ့သည့်လများအတွင်း တိုက်ခိုက်မှုများ လျော့နည်းလာခဲ့သည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။ သို့ရာတွင် ဘဂ္ဂဒက်မြို့တော်အပါအဝင် အီရတ်နိုင်ငံတစ်ဝန်းရှိ အခြားမြို့ကြီးများ၌ အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး ရာဇဝတ်မှုများမှာလည်း ထူပြောလျက်ရှိနေသေးသည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန်၌ လမ်းဘေးဗုံးပေါက်ကွဲမှုများ ဆက်လက်ဖြစ်ပေါ် အရပ်သားများ ထိတ်လန့်ကြောက်ရွံ့နေကြရ ပုဂ္ဂလိကလုံခြုံရေးတပ်ဖွဲ့ဝင်ရှစ်ဦး သေဆုံး

ကဘူးလ် ဇူလိုင် ၂၉

အာဖဂန်နစ္စတန်နိုင်ငံအတွင်း လမ်းဘေးဗုံးထောင်တိုက်ခိုက်မှုများမှာ နေ့စဉ်ရက်ဆက်ဖြစ်ပွားလျက်ရှိရာ ဒေသခံပြည်သူများမှာ ထိတ်လန့်ကြောက်ရွံ့နေကြပြီး အကြောင်းကြီးငယ်ကိစ္စရပ်များမရှိပါက အပြင်သို့ပင်မထွက်ဘဲရှိနေရာ အာဖဂန်မြို့ကြီးများမှာ ခြောက်ကပ်လျက်ရှိသည်။

ဒဏ်ရာရရှိ

ဇူလိုင် ၂၈ရက်ကလည်း ဟယ်လ်မန့်ပြည်နယ်တွင် ပုဂ္ဂလိက လုံခြုံရေးကုမ္ပဏီတစ်ခုမှ လုံခြုံရေးဝန်ထမ်းများစီးနင်းလိုက်ပါလာသည့်မော်တော်ယာဉ်ကို လမ်းဘေးဗုံးထိမှန်ခဲ့ရာ ယာဉ်ပေါ်၌ လိုက်ပါလာသူ လုံခြုံရေးဝန်ထမ်းရှစ်ဦးသေဆုံးပြီး လေးဦးထိခိုက်ဒဏ်ရာရရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ထုတ်ပြန်

ဟူမာရွန်လုံခြုံရေးကုမ္ပဏီမှ လုံခြုံရေးဝန်ထမ်းများမှာ အဝေးထိန်းစနစ်ဖြင့် ထောင်ထားသော လမ်းဘေးဗုံးပေါက်ကွဲ ထိမှန်၍ သေဆုံးခဲ့ကြောင်း၊ အားလုံးမှာ အာဖဂန်နိုင်ငံသားများ ဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်၌ပါရှိသည်။

ယင်းနေ့၌ပင် အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်များက ဟယ်လ်မန့်ပြည်နယ်အတွင်း တာလီဘန်အကြမ်းဖက်သမားများအား တိုက်ခိုက်သည့် စစ်ဆင်ရေးတစ်ရပ်ဆင်နွှဲခဲ့ရာ တာလီဘန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိသွားခဲ့သည်။

သိမ်းဆည်း

ထို့ပြင် တာလီဘန်တို့၏ စက်သေနတ်တပ်ဆင်ထားသော မော်တော်ယာဉ်မှာ ပျက်စီးသွားခဲ့ပြီး အမြောက်ဆန်များကိုလည်း အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်များက သိမ်းဆည်းနိုင်ခဲ့သည်။

သေဆုံး

ဟယ်လ်မန့်ပြည်နယ်အတွင်း ဇူလိုင် ၂ရက်မှစတင်ကာ တာလီဘန်တပ်ဖွဲ့ဝင်များအား စစ်ဆင်ရေးများဆင်နွှဲပြီး တိုက်ခိုက်ချေမှုန်းလျက်ရှိရာ တာလီဘန်အကြမ်းဖက်သမား ၈၀ကျော် သေဆုံးခဲ့ပြီးဖြစ်သည်။ **(အင်တာနက်)**

အီရတ်နိုင်ငံတစ်ဝန်း၌ အကြမ်းဖက်မှုများ နေ့စဉ်နှင့်အမျှဖြစ်ပွား

ဘဂ္ဂဒက် ဇူလိုင် ၂၉

အီရတ်နိုင်ငံတစ်ဝန်းတွင် ဇူလိုင် ၂၇ရက်က အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ရာ သေဆုံးသူခြောက်ဦးတွင် ထိပ်တန်းအီရတ်တပ်ဖွဲ့ အရာရှိတစ်ဦး၊ ဆွန်နီလူမျိုးစုခေါင်းဆောင်တစ်ဦးနှင့် အီရတ်အထူးတပ်ဖွဲ့ဝင်နှစ်ဦး ပါဝင်ကြောင်း ရဲတပ်ဖွဲ့နှင့် အမေရိကန်စစ်ဘက်ဆိုင်ရာက သတင်းထုတ်ပြန်သည်။

စစ်ဆင်ရေးဆောင်ရွက်

ယင်းနေ့နံနက်စောစောပိုင်းက ဘဂ္ဂဒက်မြို့ပြင် ဆင်ခြေဖုံးဒေသ၌ စစ်ဆင်ရေးဆောင်ရွက်စဉ်တွင် အီရတ်အထူးတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာ သတင်း၌ ဖော်ပြသည်။ ထို့အပြင် ဘဂ္ဂဒက်မြို့အရှေ့ပိုင်း၌ ကားဗုံးဖောက်ခွဲမှုဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိကြောင်း ဆက်လက်ဖော်ပြခဲ့သည်။

ဘဂ္ဂဒက်မြို့အနောက်ဘက် ဖလူးဂျာမြို့တွင် အီရတ်တပ်ဖွဲ့မှအရာရှိတစ်ဦး၏အိမ်ရာရှိ ၎င်း၏ကားတွင်ဗုံးထောင်ဖောက်ခွဲတိုက်ခိုက်ခံရမှုကြောင့် ၎င်းအရာရှိသေဆုံးခဲ့ကြောင်း အေအက်ဖ်ပီက သတင်းထုတ်ပြန်သည်။ **(အင်တာနက်)**

ဗုံးဖောက်ခွဲ

အာဖဂန်နစ္စတန်နိုင်ငံ ဇာဒက်မြို့ရှိ ရဲအရာရှိအိမ်ဝင်း၌ အကြမ်းဖက်သမားများ၏ ဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွားသည်ကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အာဖဂန်၌ တာလီဘန်တို့ နိုင်ငံစုံတပ်ဖွဲ့အား ပစ်မှတ်ထားတိုက်ခိုက်

ကဘူးလ် ဇူလိုင် ၂၉

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့ အနောက်ပိုင်း ကီလိုမီတာ ၄၀အကွာရှိ ဝါဒက်ပြည်နယ်၌ ဇူလိုင် ၂၇ရက်က နိုင်ငံတကာလုံခြုံရေးတပ်ဖွဲ့ ယာဉ်တန်းကို ပစ်မှတ်ထားကာ အကြမ်းဖက်သမားများ၏ လမ်းဘေးဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် စစ်ဘက်မော်တော်ယာဉ်တစ်စီး ပျက်စီးသွားကြောင်း ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့က ပြောကြားသည်။

ထုတ်ဖော်ကြေညာ

သို့ရာတွင် သေဆုံးဒဏ်ရာရရှိမှုနှင့် ပတ်သက်၍ အသေးစိတ်ထုတ်ဖော်ကြေညာခြင်း မရှိသေးပေ။

သေဆုံး

တာလီဘန်စစ်သွေးကြွများ၏ လမ်းဘေးဗုံးဖောက်ခွဲတိုက်ခိုက်မှုများကြောင့် ဇူလိုင်လအတွင်း နိုင်ငံစုံတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်ပေါင်း ၆၀ကျော် သေဆုံးခဲ့သည်။

(အင်တာနက်)

ဆေးကုသမှုခံယူ

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာမြို့၌ တာလီဘန်လက်နက်ကိုင်များ၏ အကြမ်းဖက် တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ပြင်းထန်စွာ ဒဏ်ရာရရှိကာ ဆေးကုသမှု ခံယူနေသည်ကို ဇူလိုင် ၂၆ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အီရတ်ပြည်သူများသေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဇူလိုင် ၂၉

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ်သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဇူလိုင် ၂၈ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၆၉၈၀၉၉ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၅၇၂၄၉ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူအီရတ်ပြည်သူများ	၆၉၈၀၉၉ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၅၇၂၄၉ ဦး

(အင်တာနက်)

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူးလ် ဇူလိုင် ၂၉

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ်သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့် အချိန်မှစတင်ပြီး ဇူလိုင် ၂၈ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၁၉၀၄ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၆၉၈၅ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူအာဖဂန်ပြည်သူများ	၈၂၅၄ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ	၁၆၉၈၅ ဦး

(အင်တာနက်)

အီရတ်နိုင်ငံ၌ အကြမ်းဖက်မှုများဖြစ်ပွားဆဲ

မိုဆူးလ် ဇူလိုင် ၂၉

အီရတ်နိုင်ငံ နီနီဝါပြည်နယ် မိုဆူးလ်မြို့လယ်ခေါင်ရှိ အယ်လ်ဒိုဝါဆာအရပ်တွင် ဇူလိုင် ၂၇ရက်က လူမျိုးနွယ်စု ခေါင်းဆောင်တစ်ဦး၏ကားတွင် ဗုံးထောင်ဖောက်ခွဲတိုက်ခိုက်ခဲ့မှုကြောင့် လူမျိုးနွယ်စုအကြီးအကဲဖြစ်သူ ရှိတ်မိုဟာမက်ဖာဒီလ်ဟာယီအလီ သေဆုံးပြီး ၎င်း၏ယာဉ်မောင်းဒဏ်ရာရရှိခဲ့ကြောင်း ရဲသတင်းရပ်ကွက်တစ်ခုက ပြောကြားသည်။

အခင်းဖြစ်အရပ်မှ ဒဏ်ရာရယာဉ်မောင်းအား ဆေးရုံသို့ ပို့ဆောင်ကုသပေးခဲ့ရပြီး သေဆုံးသူအား ရင်ခွဲရုံသို့ ပို့ဆောင်ခဲ့ကြောင်း ယင်းသတင်းရပ်ကွက်က အဆွတ်အယ်လ်အီရတ်သတင်းဌာနသို့ ပြောကြားသည်။ **(အင်တာနက်)**

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

ချစ်စိုးနိုင် - စုစည်းတင်ပြသည်

တရားမဝင် ငါးခိုးဖမ်းသူများအား ဖိလစ်ပိုင်ရေတပ်က လက်ရဖမ်းဆီး

ဖိလစ်ပိုင်နိုင်ငံ အနောက်မြောက်ပိုင်း အော်ရီရာပြည်နယ် ဒီနာပီကျိုင်ကျေးရွာမှ ရေမိုင် ၆၇မိုင်အကွာ ပင်လယ်ရေပိုင်နက်အတွင်း တရားမဝင်ငါးခိုးဖမ်းသူ ခြောက်ဦးအား ဖိလစ်ပိုင်ရေတပ်က ဖမ်းဆီးခဲ့ကြောင်း၊ သုံးနာရီကြာ လိုက်လံဖမ်းဆီးပြီးနောက် သေနတ်ပစ်ခတ် ခြောက်လှန့်သောအခါမှ အညံ့ခံခဲ့ကြ၍ လက်ရဖမ်းမိခဲ့ကြောင်း ကမ်းခြေစောင့်တပ်များက ထုတ်ဖော်ပြောကြားခဲ့သည်။

အတွင်းမွန်ဂိုလီးယား၌ ရေလွှမ်းမှုကြောင့် အစာအိမ်နှင့် အူရောင်ငန်းဖျားရောဂါဖြစ်ပွား

တရုတ်နိုင်ငံမြောက်ပိုင်း အတွင်းမွန်ဂိုလီးယားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ချီဖင်မြို့တွင် ပြီးခဲ့သည့် ဇူလိုင် ၂၅ရက်က မိုးသည်းထန်စွာရွာသွန်းကာ ရေလွှမ်းခဲ့မှုကြောင့် ရေပိုက်ခေါင်းများ မသန့်မပြန့်ဖြစ်ပြီး အူရောင်ငန်းဖျားရောဂါများ ဖြစ်ပွားခဲ့ကြောင်း၊ ဇူလိုင် ၂၈ရက်က ယင်းရောဂါ ထပ်မံဖြစ်ပွားသူ ၁၁၁၂ ဦးရှိရာ ယနေ့အထိ ရောဂါဖြစ်ပွားသူပေါင်း ၂၆၂၂ ဦး ရှိသွားပြီဖြစ်ကြောင်း ဒေသဆိုင်ရာ ကျန်းမာရေးဌာနက ဇူလိုင် ၂၉ရက်၌ သတင်းထုတ်ပြန်သည်။

စပိန်မြောက်ပိုင်း၌ ကားဗုံးပေါက်ကွဲ

စပိန်နိုင်ငံမြောက်ပိုင်း ဘာဂို့စ်မြို့၌ ဇူလိုင် ၂၉ရက် ဒေသစံတော်ချိန် နံနက် ၄ နာရီခန့်က ယင်းမြို့ လုံခြုံရေးစခန်းတွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ကြောင်း၊ လူအများအပြား ဒဏ်ရာအနည်းငယ်သာ ရရှိခဲ့ကြောင်း ရဲသတင်းရပ်ကွက်က ထုတ်ဖော်ပြောကြားခဲ့သည်။ (အောက်ပုံ)

ပညာရှင်များ၏ နယ်ပယ်မြှင့်တင်ရေး တောင်ကိုရီးယား၌ ရန်ပုံငွေထူထောင်မည်

တောင်ကိုရီးယားနိုင်ငံသည် ဒေသတွင်းပညာရှင်များ လုပ်ပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးနယ်ပယ်ကို မြှင့်တင်နိုင်ရန် အမေရိကန်ဒေါ်လာ ၄၀၃ သန်းတန်ဖိုးရှိ ရန်ပုံငွေကို ထူထောင်မည်ဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။

A(H1N1) ကူးစက်ဖြစ်ပွားသူ မလေးရှား၌ ၁၁၂၄ ဦးရှိပြီ

မလေးရှားနိုင်ငံ၌ A(H1N1) တုပ်ကွေးရောဂါကြောင့် အမျိုးသားတစ်ဦး ထပ်မံသေဆုံးခဲ့ရာ ယင်းနိုင်ငံတွင် အဆိုပါရောဂါကြောင့် သေဆုံးသူ နှစ်ဦးရှိသွားပြီဖြစ်ပြီး ကူးစက်ဖြစ်ပွားသူ ၁၁၂၄ ဦး ရှိသွားပြီဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ပါကစ္စတန်အနောက်မြောက်ပိုင်း၌ ဗုံးဖောက်ခွဲတိုက်ခိုက်

ပါကစ္စတန်အနောက်မြောက်ပိုင်း ဖရွန်တီယာပြည်နယ်(အင်န်ဒဗလျူအက်ဖ်ပီ)တွင် ဇူလိုင် ၂၉ရက်က အဝေးထိန်းစနစ်သုံး ဗုံးဖောက်ခွဲ တိုက်ခိုက်မှု ဖြစ်ပွားခဲ့ရာ ငါးဦးသေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ ရုပ်မြင်သံကြားဌာနက သတင်းထုတ်ပြန်သည်။

A(H1N1) ဖြင့်သေဆုံးသူ စင်ကာပူ၌ အမျိုးသမီးတစ်ဦး ထပ်မံသေဆုံး

စင်ကာပူနိုင်ငံတွင် A(H1N1) တုပ်ကွေးရောဂါဖြင့် အသက် ၃၄နှစ် အရွယ်ရှိ အမျိုးသမီးတစ်ဦး သေဆုံးခဲ့ရာ ယခုအခါ ယင်းနိုင်ငံတွင် အဆိုပါရောဂါကြောင့် သေဆုံးသူ ငါးဦး ရှိသွားပြီဖြစ်ကြောင်း ဇူလိုင် ၂၉ ရက် ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ပဲခူးတိုင်း မိုးစပါး ထွန်တုံးပိတ်ပွဲနှင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ

ဒုတိယဗိုလ်ချုပ်ကြီးကိုကိုတက်ရောက် ဆုများပေးအပ်ချီးမြှင့်

နေပြည်တော် ဇူလိုင် ၂၉

ပဲခူးတိုင်း မိုးစပါးထွန်တုံးပိတ်ပွဲ၊ ကောက်စိုက်စွမ်းရည်ပြိုင်ပွဲနှင့် တိုက်ရိုက်မျိုးစေ့ချ စွမ်းရည်ပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီတွင် တောင်ငူမြို့နယ် အင်တိုင်းကျေးရွာအနီး၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို တက်ရောက်အမှာစကားပြောကြားပြီး ဆုများကို ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါပြိုင်ပွဲသို့ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမင်း၊ တိုင်း/ခရိုင်နှင့် မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌများက သက်ဆိုင်ရာခရိုင်အလိုက် ထွန်တုံးပိတ် အစီရင်ခံစာများကို တိုင်းမှူးထံပေးအပ်ကြသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို ပဲခူးတိုင်း ကောက်စိုက်စွမ်းရည်ပြိုင်ပွဲနှင့် တိုက်ရိုက်မျိုးစေ့ချစွမ်းရည်ပြိုင်ပွဲကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

အားပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုနှင့်အဖွဲ့ဝင်များသည် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲနှင့် တိုက်ရိုက်မျိုးစေ့ချ စွမ်းရည်ပြိုင်ပွဲကို ကြည့်ရှုအားပေးကြပြီး ငါးမျိုးများကို လယ်ကွင်းများအတွင်းသို့ စိုက်ထည့်ပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုနှင့်အဖွဲ့ဝင်များသည် စိုက်ပျိုးရေး ပညာပေးပြခန်းနှင့်လယ်ယာသုံးစက်ကိရိယာ ပြခန်းတို့ကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုရရှိကြသော အသင်းများအား ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၃ မှ

မိမိတို့၏ ပြင်းပြသောဆန္ဒများဖြင့် အသင့်တော်ဆုံးနှင့် စွမ်းအင်ဖူလုံစိတ်ချရမှုနှင့် ဆက်လက်ထိန်းသိမ်းထားနိုင်မှုတို့၏ တိုးတက်မှုများကို အတူတကွ လက်တွဲဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့သည် စွမ်းအင်လုံခြုံမှုနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် အတူတကွလုပ်ဆောင်ကြရန်ဖြစ်ကြောင်း။

အခြားအရာများထဲမှ စွမ်းအင်ကဏ္ဍသည် ဖူလုံမှု၊ အောင်မြင်မှု၊ နည်းဥပဒေကို အခြေခံမှု၊ ယှဉ်ပြိုင်မှု၊ ခံနိုင်ရည်ရှိမှု၊ စုပေါင်းဆောင်ရွက်သည့်နည်းလမ်းများဖြင့် ၂၀၁၅ခုနှစ်၌ စီးပွားရေးအသိုက်အဝန်းသို့ပြောင်းလဲရာတွင် အရေးပါကြောင်း။

အာဆီယံသည် တစ်ကမ္ဘာလုံးတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အမြန်ဆုံးဒေသတစ်ခုဖြစ်သည့်အားလျော်စွာ စီးပွားရေးနှင့် လူဦးရေတိုးတက်မှုတို့ကြောင့် စွမ်းအင်လိုအပ်ချက်များ များပြားလာကြောင်း၊ ဒေသပြင်ပမှ ရေနံအရင်းအမြစ်များစွာကို လွန်ကဲစွာ မှီခိုအားထားပါက ဒေသတွင်း စွမ်းအင်ဖူလုံမှုနှင့် တည်ငြိမ်မှုကို ပြင်းထန်စွာဂယက်ရိုက်လာနိုင်ကြောင်း၊ ထို့ကြောင့် ယခုအချိန်အခါသည် စွမ်းအင်ကို အကျိုးရှိရှိအသုံးပြုနိုင်ရေးအပြင် အစားထိုးစွမ်းအင်အရင်းအမြစ်များကိုပါ စဉ်းစားရမည့်အချိန်အခါဖြစ်ကြောင်း။

မဟာဗျူဟာ

အာဆီယံဒေသ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု၊ ဒေသဆိုင်ရာ စွမ်းအင်ဖူလုံရေးဆောင်ရွက်မှု၊ ကြိုးစားအားထုတ်မှုများ လိုအပ်ကြောင်း၊ စွမ်းအင်ကဏ္ဍ စီမံခန့်ခွဲမှုတိုးမြှင့်ရန်၊ စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရန်၊ သန့်ရှင်းသောစွမ်းအင် ပိုမိုသုံးစွဲရန်၊ အစားထိုးစွမ်းအင်နှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် တိုးမြှင့်နိုင်ရေးအတွက် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ အတွေ့အကြုံနှင့် နည်းပညာများကို မျှဝေရန်၊ လက်တွေ့ကျသော မူဝါဒနှင့် မဟာဗျူဟာများ လိုအပ်ကြောင်း။

မြန်မာနိုင်ငံသည် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် တက်ကြွစွာပါဝင်လျက်ရှိပြီး အာဆီယံစွမ်းအင်ကဏ္ဍ အစီအစဉ်များတွင် ပါဝင်ခြင်းသည် အရေးပါကြောင်း။

မြန်မာနိုင်ငံသည် စွမ်းအင်ဖူလုံစိတ်ချရမှုကို ထိန်းသိမ်းရန် ဆောင်ရွက်လျက်ရှိပြီး တစ်ချိန်တည်းမှာပင် အစားထိုးစွမ်းအင်နှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှုကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် စွမ်းအင်ထိရောက်စွာ အသုံးချရေးနှင့် ခြိုးခြံချွေတာရေး အစီအစဉ်များကိုလည်း အကောင်းဆုံး ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း။

ဇီဝလောင်စာ

ဈေးနှုန်းမငြိမ်သက်မှုကို လျှော့ကျစေရန် ရုပ်ကြွင်းလောင်စာများပေါ်တွင် မှီခိုခြင်းနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်ပျက်စီးမှုလျော့ကျစေရေး၊ ရာသီဥတုပြောင်းလဲခြင်း သက်ရောက်မှုကို ကာကွယ်ရေးနှင့် လေးလေးနက်နက် ဆင်ခြင်သုံးသပ်မှုတို့ကို ပြုလုပ်လျက်ရှိကြောင်း၊ ဇီဝလောင်စာဖွံ့ဖြိုးရေးတွင် ပုဂ္ဂလိကများ ပါဝင်လာစေရန် တိုးမြှင့်ဆောင်ရွက်သည့် အစီအစဉ်များ ပြုလုပ်လျက်ရှိကြောင်း၊ ယခုအခါတွင် စမ်းသပ်စက်ရုံများနှင့် အသေးစားစက်ရုံများဖြင့် ဇီဝလောင်စာများထုတ်လုပ်ရန် ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံသည် စွမ်းအင်ဖူလုံစိတ်ချရမှု၊ ရာသီဥတုပြောင်းလဲမှုနှင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုကို လျှော့ချစေမှုတို့ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများအပြင် အာဆီယံ+၃နှင့် EAS နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းအားထုတ်သွားမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် အစည်းအဝေးတွင် ကြီးမားသည့်အောင်မြင်မှုနှင့် အပြန်အလှန်သုံးသပ်မှုများရရှိစေရန် မျှော်လင့်ကြောင်း ပြောကြားသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ် Mr. Pushpanathan Sundram၊ အာဆီယံနိုင်ငံများ၊ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများဖြစ်ကြသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့မှ စွမ်းအင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများနှင့်အတူ စုပေါင်း၍မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ဖွင့်ပွဲအခမ်းအနားမစတင်မီ ဘွဲ့နှင်းသဘင်ခန်းမရှိ ဧည့်ခန်းမဆောင်၌ (၂၇)ကြိမ်မြောက် အာဆီယံ စွမ်းအင်ဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ရန် ရောက်ရှိနေကြသော အာဆီယံနိုင်ငံများ၊ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများဖြစ်ကြသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့မှ စွမ်းအင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ်တို့အား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

တက်ရောက်

ယနေ့ကျင်းပသည့် (၂၇)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဘရူနိုင်းဒါရူဆလမ်နိုင်ငံမှ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး H.E.Mr. Pehin Dato Haji Mohd B.Haji Daud၊ ကမ္ဘောဒီးယားနိုင်ငံမှ စက်မှု၊ သတ္တုနှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr.Ith Praing၊ အင်ဒိုနီးရှားသမ္မတနိုင်ငံမှ အမျိုးသားစွမ်းအင်ကောင်စီ အတွင်းရေးမှူးချုပ်ရုံး အတွင်းရေးမှူးချုပ် Mr.Novian Moezahar Thaib၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ စွမ်းအင်နှင့် သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး H.E.Mr. Soulivong Daravong၊ မလေးရှားနိုင်ငံမှ စွမ်းအင်၊ သဘာဝနည်းပညာနှင့် ရေအရင်းအမြစ်ဝန်ကြီးဌာနဝန်ကြီး H.E. Mr. Datuk Peter Chin Fah Kui၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ H.E.Mr. Joselito Chad N.Jacinto၊ စင်ကာပူသမ္မတနိုင်ငံမှ စွမ်းအင်စီမံကိန်းနှင့် ဖွံ့ဖြိုးရေးဌာနခွဲ ညွှန်ကြားရေးမှူး Mr. Wong Siew Kwong၊ ထိုင်းနိုင်ငံမှ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး H.E.Mr.Wannarat Channukul၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး H.E. Mr. Vu Huy Hoang၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ် Mr. Pushpanathan Sundram၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အမျိုးသားစွမ်းအင်စီမံခန့်ခွဲရေးဌာန ဒုတိယဝန်ကြီး H.E. Mr. Liu Qi၊ ဂျပန်နိုင်ငံမှ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Ueda Takayuki၊ ကိုရီးယားသမ္မတနိုင်ငံမှ စီးပွားရေးပညာရပ်ဆိုင်ရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီးH.E. Mr. Junggwan Kim၊ ဩစတြေးလျနိုင်ငံမှစွမ်းအင်နှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲနှင့် စွမ်းအင်နှင့် ခရီးသွားလာရေးလုပ်ငန်းဌာန ဌာနခွဲမှူး Mr. Brendan Morling နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Aloke Sen တို့ တက်ရောက်ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း ဘူမိအင်ဂျင်နီယာဘာသာရပ် ဟောပြောပွဲ

ရန်ကုန် ဇူလိုင် ၂၉

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းမှ ဦးစီး၍ ပညာရပ်ဆိုင်ရာ ဟောပြောပွဲများ ကျင်းပလျက်ရှိရာ ဩဂုတ် ၁ရက်(စနေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ အသင်းတည်ရှိရာ လှိုင်တက္ကသိုလ်နယ်မြေရှိ အင်ဂျင်နီယာအသင်း အဆောက်အအုံတွင် အင်ဂျင်နီယာ ဘူမိဗေဒဆိုင်ရာ လုပ်ငန်းများတွင် နိုင်ငံတကာ အတွေ့အကြုံရှိကြသော အသင်းဝင်ပညာရှင် ဦးဇော်ဇော်အေးက "Application of observational method in Geotechnical Engineering"နှင့် "Diaphram wall support deep excavation in soft ground"ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အကြံပေး ဘူမိအင်ဂျင်နီယာပညာရှင် ဒေါက်တာဝင်းနိုင်က DMT Test in Geotechnical Engineering ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောမည် ဖြစ်ပါသဖြင့် သက်ဆိုင်ရာ၊ ဌာနဆိုင်ရာများမှ ပညာရှင်များ၊ ကျောင်းသား ကျောင်းသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အရောင်းဆိုင်ဖွင့်ပွဲနှင့် ဘောလုံးပြိုင်ပွဲဖွင့်ပွဲ တိုင်းမှူးဗိုလ်ချုပ်တင်ငွေ တက်ရောက်

နေပြည်တော် ဇူလိုင် ၂၉

ဂရိုက်ဝေါ(လ်) စားသောက်ကုန်လုပ်ငန်း ကုမ္ပဏီလီမိတက်၏ ဂရိုက်ဝေါ(လ်) အီသနော(လ်)ဓာတ်ဆီအရောင်းဆိုင် ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၀ ရက် နံနက် ၁၁ နာရီက မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ထိန်ကုန်းရပ်ကွက် ရန်ကုန်-မန္တလေး ကားလမ်းဘေးရှိ အဆိုပါ အရောင်းဆိုင်၌ကျင်းပရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေက အရောင်းဆိုင် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဆိုင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုအားပေး

တိုင်းမှူးသည် ညနေပိုင်းတွင် ရတနာပုံတက္ကသိုလ်၌ ကျင်းပသည့် ၂၀၀၈-၂၀၀၉ ပညာသင်နှစ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ရတနာပုံတက္ကသိုလ် ဘာသာရပ်အလိုက် ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့် အားကစားပစ္စည်းများ ပေးအပ်ပွဲ အခမ်းအနားသို့တက်ရောက်၍ အားကစားပစ္စည်းများကိုပေးအပ်ကာ ဘောလုံးပွဲယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လားရှိုး၌ ရှမ်းစာပေနှင့်ယဉ်ကျေးမှု အဖွဲ့ရုံးအဆောက်အအုံနှင့် ခန်းမဆောင်သစ်ဖွင့်

လားရှိုး ဇူလိုင် ၂၉

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၏ ရုံးအဆောက်အအုံနှင့် ယဉ်ကျေးမှု ခန်းမဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၈ ရက် နံနက်က လားရှိုးမြို့၌ ကျင်းပသည်။

အစီအစဉ်အရ လားရှိုးမြို့နယ် ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဆောက်အအုံခန်းမဆောင်သစ်ကြီးကို ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်၊ ရှမ်းစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီ နာယကနှင့် ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

လက်ခံဆောင်ရွက်ပေးမည်

အဆိုပါ ရှမ်းစာပေနှင့် ယဉ်ကျေးမှု ခန်းမဆောင်သစ်ကို အဖွဲ့ပိုင်မြေကွက်ပေါ်၌ သုံးထပ်ခွဲ အာရ်စီအဆောက်အအုံခန်းမအဖြစ် ဆောက်လုပ်ခဲ့ပြီး အခမ်းအနားများ၊ အလှူမင်္ဂလာပွဲများ၊ ရှမ်းစာပေစကားနှင့် ယဉ်ကျေးမှုသင်တန်းများ ကျင်းပသွားရန်နှင့် လူမျိုးဘာသာမရွေး အသုံးပြုနိုင်သော ခန်းမဆောင်အဖြစ်ပါ လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(စာပေနှင့်စာနယ်ဇင်း)

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အောင်မြေသာစံ၌ကျင်းပ

မန္တလေး ဇူလိုင် ၂၉

၂၀၀၉ ခုနှစ် ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင် စိုက်ပျိုးပွဲကို ဇူလိုင် ၁၃ ရက် နံနက်က မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အမှတ်(၁၁)အခြေခံပညာ အထက်တန်းကျောင်း၌ကျင်းပရာကျောင်းအုပ်ဆရာကြီး ဦးတင်မောင်မြင့်နှင့် ဆရာဆရာမများ၊ မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ကျောင်းစုဝေးသဘင်တွင် ကျောင်းအုပ်ဆရာကြီး ဦးတင်မောင်မြင့်က ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းကောင်စီ ငါးသင်းခွဲ၍ ကျောင်းဝင်းအတွင်းရှိ မြေလွတ်နေရာများ၊ ကျောင်းပန်းဥယျာဉ်အတွင်း အရိပ်ရပင်နှင့်နှစ်ရှည်ပင်များ၊ နှစ်တိုစားသီးနှံပင်များနှင့် ပန်းအလှပင်၅၀၀ကျော်တို့ကို တပျော်တပါး စိုက်ပျိုးကြသည်။

(အပေါ်ပုံ)

ကြည့်ရှုအားပေး

ထို့အပြင် ကျောင်းဝန်းကျင်ပြင်ပနှင့်ကျောင်းဝင်းအတွင်းရှိ ရေဆိုးထုတ်မြောင်းများ ရေစီးရေလာကောင်းရန်အမှိုက်သရိုက်၊ ရွှံ့နွံသယ်ယူခြင်း၊ ချုံနွယ်သစ်ပင်များ ခုတ်ထွင်ခြင်း၊ ကျောင်းဆောင်များ၊ စာသင်ခန်းဝန်းကျင် သန့်ရှင်းရေးများ ဆောင်ရွက်ကြရာ ကျောင်းအုပ်ဆရာကြီး ဦးတင်မောင်မြင့်၊ မိဘဆရာအသင်းအတွင်းရေးမှူးဦးခင်မောင်ပုနှင့် ကျောင်းအကျိုးတော်ဆောင်များက ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဆောင်ရွက်ပေးကြောင်း သိရသည်။

(ဝ၉၀)

ပေါင်မြို့နယ် အလှပ်-သပြေကုန်းကျေးလက်လမ်းကို ဇူလိုင် ၁၅ ရက်က မွန်ပြည်နယ် စည်ပင်သာ ယာ ရေး အဖွဲ့ ညွှန်ကြား ရေး မှူး ဦးအေးဆွေနှင့် အဖွဲ့ ကွင်းဆင်း စစ်ဆေးရာအမှုဆောင်အရာရှိ ဦး ကျော် လှ နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဇော်လင်းထင်တို့က ရှင်းလင်းတင်ပြစဉ်။ (၁၇၆)

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ဒုတိယအကြိမ်ဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၉

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း အလုပ်အမှုဆောင်များနှင့် အသင်းဝင်များ၊ ပြင်ပမှ စိတ်ပါဝင်စားသူများ ပိုမိုရင်းနှီးမှုရှိစေရန် ရည်ရွယ်၍ ဩဂုတ် ၁ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ် အခန်း(၂၀၅)၌ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း အလုပ်အမှုဆောင်များက ဒုတိယအကြိမ် MCPA Free Talk ဆွေးနွေးပွဲကို ကျင်းပမည်ဖြစ်သည်။

ဆွေးနွေးမေးမြန်းနိုင်

ယင်းဆွေးနွေးပွဲတွင် စာမေးပွဲ၊ နည်းပညာ၊ ပညာရေး၊ အသင်းသားရေးရာနှင့် အထွေထွေကဏ္ဍဟူ၍ ကဏ္ဍငါးခုခွဲခြားပြီး တွေ့ဆုံဆွေးနွေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်မေးမြန်း ဆွေးနွေးနိုင်ကြောင်းနှင့် အသေးစိတ်ကို မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းရုံးခန်း အဆောင်(၄) အခန်း(၄) မြန်မာအင်ဖိုတက်ခ် ဖုန်း-၆၅၂၂၇၆ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ဇူလိုင် ၁၀ ရက်က ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများတွင် သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်းကို အဖွဲ့ရုံးမှ ကျန်းမာရေးမှူး(၂) ဦးအောင်ဘိုလင်းနှင့် ဈေးနှင့်သားသတ်ဌာနစိတ်ဝန်ထမ်းများ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) စိုက်ပျိုးရေးလုပ်ငန်းတောင်သူများ ရဲယိုပင်စိုက်ပျိုးမှု အထူးစိတ်ဝင်စားလာ

နောင်ချို ဇူလိုင် ၂၉

ဇူလိုင် ၃ ရက်က ထုတ်ဝေသည့် မြန်မာ့အလင်းသတင်းစာပါ မောင်မောင်မြင့်ဆွေရေးသားသည့် 'သင်ကြီးပွားလိုလျှင် ယခုပင် ရဲယိုပင်စိုက်လိုက်ပါ' သတင်းဆောင်းပါးကို ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ စိုက်ပျိုးရေးလုပ်ငန်း တောင်သူဦးကြီးများ စိတ်ဝင်စားစွာ ဖတ်ရှုခဲ့ကြပြီးနောက် ရဲယိုပင်များစိုက်ပျိုးကြရန်အတွက် ရဲယိုပင် (ပျိုးပင်)များရရှိနိုင်မည့် နေရပ်လိပ်စာများ၊ ရဲယိုပင်စိုက်ပျိုးရန် အသင့်တော်ဆုံး မြေနေရာနှင့်မြေသြဇာ စိုက်ပျိုးရန်ရေရရှိရေးစသည်တို့ကို ရဲယိုပင် စိုက်ပျိုးကြရေးအတွက် တောင်သူဦးကြီးများ အထူးစိတ်ဝင်စားစွာ ဆွေးနွေးနေကြသည်။ (ဝ၂၅)

ကော့ကရိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးလှမြင့် မြို့နယ်စည်ပင်အဖွဲ့ မြေခင်းအလှပြုပြင်မှုကို ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကို ဇူလိုင် ၁၉ ရက်က ရေနံချောင်းမြို့ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်နိုင်ထွန်း၊ မကွေးတိုင်း စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေး ဦးစီးဌာန တိုင်းဦးစီးမှူး ဦးမျိုးကွန်း၊ အဆင့်မြင့်ကြွေသီးစက်ရုံ(ချောက်)လက်ထောက်စက်ရုံမှူး ဦးအောင်ကျော်ညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မြောက်လှည်းကောက် လမ်းဆုံ ပလက်ဖောင်းပြုပြင်

မင်းဘူး ဇူလိုင် ၂၉

မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် မြို့သာယာလှပရေး အသုံးစရိတ်မှ မြောက်လှည်းကောက်လမ်းဆုံ ပလက်ဖောင်းပြုပြင်ခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မာလာကျော် တာဝန်ယူဆောင်ရွက်နေမှု အခြေအနေကို မေ ၂၅ ရက်က အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိန်သန်းငွေတို့က ကြပ်မတ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

✻ ကျောဖုံးမှ

ကြည့်ရှု

ယင်းနောက် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲကို စတင်ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပြိုင်ပွဲယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် တိုင်းစပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားသို့ တက်ရောက်ကြပြီး ငါးမျိုးများကို စိုက်ထည့်ပေးကြသည်။

အားပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် သီလဝါဆိပ်ကမ်းနှင့် ဒဂုံတံတား ချဉ်းကပ်လမ်းအနီး၌ ပြသထားသော လယ်ယာသုံးစက်ကိရိယာများ၊ ရေတင်စက်အမျိုးမျိုး၊ မြေဩဇာ၊ ပိုးသတ်ဆေးနှင့် ဆေးဖျန်းကိရိယာများ၊ ငါးဖမ်းပိုက်အမျိုးမျိုး၊ စိုက်ပျိုးရေးပြကွက်နှင့် အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ဆုရရှိကြသော မြို့နယ်တို့အား ဆုများကို အသီးသီးပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်း တိုင်းအဆင့်ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

(၂၇)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၂၉

(၂၇)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေး(27th ASEAN Ministers on Energy Meeting-27th AMEM)ကို ယနေ့နံနက်၁၀နာရီတွင် မန္တလေးမြို့ ဆီဒိုးနားဟိုတယ်၌ကျင်းပရာ အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စွမ်းအင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ စွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အာဆီယံ စွမ်းအင်ဆိုင်ရာဗဟိုဌာန(ASEAN Centre for Energy-ACE)၊ အာဆီယံရေနံကောင်စီ(ASEAN Council for Petroleum-ASCOPE)နှင့် အာဆီယံနိုင်ငံများမှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရောင်းချသည့် အဖွဲ့အစည်းနှင့် အာဏာပိုင် အဖွဲ့အစည်း(Head of ASEAN Power Utility and Authority-HAPUA)တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ယခင်နှစ် (၂၆)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေးမှစတင်၍ သဘာပတိတာဝန်ယူခဲ့သူ ထိုင်းနိုင်ငံစွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Wannarat Channukul က အမှာစကားပြောကြားသည်။

ညှိနှိုင်းဆွေးနွေး

ထို့နောက်(၂၇)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေး၏ သဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်သော စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ(ဝဲပုံ)က အဖွင့်အမှာစကား ပြောကြားသည်။ အစည်းအဝေးတွင် ပူးတွဲသဘာပတိအဖြစ် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr.Vu Huy Hoang က ဆောင်ရွက်ပြီး အစည်းအဝေးကို စတင်ကျင်းပရာ တက်ရောက်လာသူများက စွမ်းအင်ဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သွေးလွန်တုပ်ကွေးကာကွယ်ရေး တွံတေးမြို့ မဈေးအတွင်းခြင်ဆေးဖျန်း

တွံတေး ဇူလိုင် ၂၉

တွံတေးမြို့နယ် စည်ပင်သာယာရေး အဖွဲ့သည် ဇူလိုင် ၁၉ရက်က သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်း၍ တွံတေးမြို့မဈေးကြီးအတွင်း၊ အပြင် ခြင်ဆေးဖျန်းခြင်းကို ဆောင်ရွက်ရာ ဒု-ဦးစီးမှူး(အခွန်) ဒေါ်ရီရီလှိုင်နှင့် မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာဒေါ်ကြော့ခင်ခင်တို့က ကြီးကြပ်ဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ပြည်နယ်နှင့်တိုင်း အလေးမပြိုင်ပွဲနှင့် အမျိုးသား တံခွန်စိုက်အလေးမပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၉

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပမည့် (၄၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အလေးမပြိုင်ပွဲနှင့် ၂၀၀၉ခုနှစ် အမျိုးသား တံခွန်စိုက် အလေးမပြိုင်ပွဲတို့ကို စက်တင်ဘာ ၅ရက်မှ ၇ရက်အထိ ရန်ကုန်မြို့ရှိ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်နိုင်

အဆိုပါ ပြည်နယ်နှင့်တိုင်း အလေးမ ပြိုင်ပွဲကို ပြည်နယ်/တိုင်း(က) အဆင့်ပြိုင်ပွဲနှင့် (ခ)အဆင့်ပြိုင်ပွဲဟူ၍ ထည့်သွင်း ကျင်းပသွားမည်ဖြစ်ပြီး ပြည်နယ်/တိုင်း(က)အဆင့်ပြိုင်ပွဲကို ဒုတိယတန်း အဆင့်ရှိ အလေးမအားကစားသမားများ အနေဖြင့်လည်းကောင်း၊ ပြည်နယ်/တိုင်း(ခ) အဆင့်ပြိုင်ပွဲသို့ တတိယတန်းအဆင့်ရှိ အလေးမအားကစားသမားများ အနေဖြင့်လည်းကောင်း၊ အမျိုးသားတံခွန်စိုက် ပြိုင်ပွဲသို့ ပထမတန်းအဆင့် အလေးမအားကစားသမားများအနေဖြင့်လည်းကောင်း ပါဝင်ယှဉ်ပြိုင်နိုင်ကြသည်။

ဆက်သွယ်နိုင်

ပြိုင်ပွဲစည်းမျဉ်းများကို ပြည်နယ်နှင့် တိုင်း အသီးသီးသို့ ဖြန့်ဝေထားရှိပြီးဖြစ်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်ရုံး ဖုန်း-၀၁-၃၈၈၁၆၀ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်အားအသင့်အတင့် မြေငလျင်လှုပ်

နေပြည်တော် ဇူလိုင် ၂၉

ဇူလိုင်၂၉ရက် ညနေ၄နာရီ ၀၆ မိနစ် ၄၆စက္ကန့်တွင် ကမ္ဘာ့အေးမြေငလျင်စခန်းမှ တောင်အရှေ့တောင်ဘက် မိုင်၁၆၀၀ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (အင်ဒိုနီးရှား)တစ်နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ဒသမ ၄အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ရန်ကင်းမြို့နယ်ပညာရေးမှူးဒိုင်းဘောလုံးပြိုင်ပွဲကို ဘောက်ထော်ဘောလုံးကွင်း၌ ဇူလိုင် ၂၉ရက်က ကျင်းပရာ ဗိုလ်လုပွဲတွင် ပထမဆုရရှိသော အဖွဲ့အမှတ်(၁)အား မြို့နယ်ပညာရေးမှူး ဒေါ်အုန်းသန်းက ဒိုင်းဆုချီးမြှင့်စဉ်။ (၁၇၀)

ရန်ကုန်မြစ်အတွင်း ထူးကဲဒီရေတက်ဖွယ်ရှိ

ရန်ကုန် ဇူလိုင် ၂၉

ဩဂုတ်၆ရက်မှ ၁၀ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ဒသမ၀ပေခန့်မှ ၂၀ဒသမ ၃ပေခန့်အထိ ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း သိရသည်။

ယခင်၂၀၀၇-၂၀၀၈ခုနှစ်များတွင် ရန်ကုန်မြစ် အတွင်း အခြေခံရေစစ်မျဉ်း အထက် အမြင့်ပေ ၂၁ဒသမ ၇ပေခန့်အထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ကျော်လွန်သဖြင့်သာ သတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သတင်းရရှိသည်။ (သတင်းစဉ်)

အော်ဒီ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပွဲ မန်ယူက ဘိုကာဂျူနီယာကို အနိုင်ရ

မြူးနစ် ဇူလိုင် ၂၉

အော်ဒီဖလား လေးသင်းပြိုင်ပွဲအဖြစ် ဇူလိုင် ၂၉ရက်က ဂျာမနီနိုင်ငံ မြူးနစ်မြို့ အလီယန်အားကစားကွင်း၌ အင်္ဂလန်မှမန်ယူနှင့် အာဂျင်တီးနားမှ ဘိုကာဂျူနီယာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ မန်ယူက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ မန်ယူတွင် **ဂိုး**-ကုဇက်၊ **နောက်တန်း**၌ ဒါဆေးလ်ဗား၊ ဘရောင်း၊ ခရစ်၊ အိုရှီးယား **အလယ်တန်း**၌ ပတ်ဂျီဆန်၊ အန်ဒါဆင်၊ ကာရစ်၊ ဗလင်စီယာ၊ **ရှေ့တန်း**၌ မာချေဒါ၊ ရွန်နေတို့ ပွဲထွက်ကစားခဲ့ကြသည်။

မန်ယူတို့ ပွဲစစချင်း လျင်မြန်စွာထိုးဖောက်ကစားရာ ၂၃မိနစ်၌ အန်ဒါဆင်က ဦးဆောင်ဂိုးသွင်းယူပြီး ၄၁ မိနစ်တွင် ဗလင်စီယာက ဒုတိယဂိုးသွင်းယူကာ ပထမပိုင်းပြီးချိန်တွင် နှစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်း ၅၅ မိနစ်တွင် ဖီဒရီကိုအင်ဆူရာက ဘိုကာဂျူနီယာအသင်းအတွက် ချေပဂိုးသွင်း ယူခဲ့သဖြင့် ပွဲပြီးချိန်တွင် မန်ယူတို့ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မန်ယူသည် **(ယနေ့)** တွင် အေစီမီလန်နှင့် ဘေယန်မြူးနစ်ပွဲ နိုင်သူနှင့် ဗိုလ်လုရမည်။ ॥ **အင်တာနက်**

မန်ယူအသင်းနှင့် ဘိုကာဂျူနီယာအသင်းတို့၏ ပွဲစဉ်တွင် မန်ယူမှ မာချေဒါ(ယာ)နှင့်ဘိုကာဂျူနီယာမှ ရိုဒရီဂွက်ဇ်တို့ ဘောလုံးယှဉ်လုစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ရှေ့ကိုကြို တင်မြင်နေရပါပြီ

ကိုကိုညီညီ

"ကိုကိုရေ"

"ဗျာ....ဗျာ ဘာလဲညီညီ"

"ကျွန်တော်မသိတာတစ်ခု၊ နှစ်ခုမေးချင်တယ်"

"မေးလေညီလေး။ မေးလို့ရပါတယ်ကွာ"

"ကိုကိုစာဖတ်နေတုန်းမို့၊ စာဖတ်ပျက်သွားမှာစိုးလို့ပါ၊ အနှောင့်အယှက်မဖြစ်ပါဘူးနော်"

"မဖြစ်ပါဘူးကွာ။ မေးချင်တာရှိရင် မေးပါ။ ဘာလဲ"

"ကျွန်တော် ၂၀၁၀ ရွေးကောက်ပွဲမှာ မဲပေးလို့ရပြီနော်"

"ရပြီပေါ့။ ညီညီက ၁၉၉၁ မှာမွေးခဲ့တာ၊ အခု (၁၈)နှစ်ရှိပြီပဲ။ ၂၀၁၀ မှာ အသက် ၁၈ နှစ် ပြည့်ပြီးတဲ့လူတွေဟာ မဲပေးခွင့်ရှိကြတာပေါ့"

"တပ်မတော်အစိုးရက အာဏာကိုသာ ဆက်ပြီး ဖက်တွယ်ထားချင်ရင် ၂၀၁၀ မှာ ရွေးကောက်ပွဲ ကျင်းပပေးမယ်လို့ ဘယ်ကြေညာစီစဉ်ပါ့မလဲကွယ်"

"အင်း-ဒါလဲဟုတ်သား"

"တပ်မတော်အစိုးရက အာဏာကို ဆက်ပြီး ယူချင်နေသေးမယ်ဆိုရင် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း ထောက်ခံပွဲ၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ၂၀၀၈ ခုနှစ်မှာ ဘယ်လုပ်ပေးပါ့မလဲကွယ်"

"အင်း-ဒါလဲ ဟုတ်ပေသား"

"တပ်မတော်ကချည်း ဗိုလ်ကျစိုးမိုး အုပ်ချုပ်နေချင်ရင် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေး ကော်မရှင်ကို ဖွဲ့ပြီး မူကြမ်းဘယ်ဆွဲပါ့မလဲကွယ်"

"အင်း-ဒါလဲ ဟုတ်ပေသားပဲ"

> **"ညီညီ စဉ်းစားကြည့်။ နိုင်ငံရေးသမားတချို့ တောင်းဆိုနေတာက ဖွဲ့စည်းပုံအခြေခံဥပဒေကို သူတို့နဲ့ တွေ့ဆုံဆွေးနွေးပြီး အစိုးရက ပြန်ပြင်ပေးရမယ်တဲ့"**
>
> **"ဟင်....ဟုတ်လား။ အဲဒါ အစိုးရက လုပ်ပေးမှာပဲလား"**
>
> **"ဘယ်လုပ်ပေးလို့ရမှာလဲ ညီညီ။ ၂၀၀၈ ခုနှစ်က ပြည်သူလူထုရဲ့ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းက နိုင်ငံတကာသိအောင် ထောက်ခံ အတည်ပြုခဲ့ပြီးပြီ။ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် တရားမျှတပြီး လွတ်လပ်စွာ မဲပေးခဲ့ကြရတာ အားလုံးအသိပဲ။ အဲဒါက ပြည်သူရဲ့ အဆုံးအဖြတ်ခင်ဗျ"**

"မဲပေးခွင့်မရှိတဲ့လူ ရှိသေးလားကိုကို"

"ရှိတယ်ကွ။ ဥပဒေအရ၊ နည်းဥပဒေအရ ဘယ်နိုင်ငံမှာမဆို မဲပေးခွင့်မရှိသူ၊ ရွေးချယ်ခံပိုင်ခွင့်မရှိသူတွေဆိုတာ သတ်မှတ်ထားစမြဲထုံးစံပဲ။ ဒို့နိုင်ငံမှာလည်း အသက် ၁၈ နှစ်မပြည့်သေးတဲ့သူ၊ ရူးသွပ်နေသူ၊ သာသနာ့ဝန်ထမ်းပုဂ္ဂိုလ်နဲ့ တရားဥပဒေအရ အရေးယူအပြစ်ပေးပြီး ထောင်ကျနေတဲ့ အကျဉ်းသားကတော့ မဲပေးခွင့်၊ အရွေးချယ်ခံခွင့်တွေ ယခင်က မရကြဘူးဗျ။ ဒါဟာ ခေတ်အဆက်ဆက်ကကျင့်သုံးခဲ့ကြတာတွေပါ။ ၂၀၁၀ ရွေးကောက်ပွဲမှာလဲ အလားတူပဲ ဖြစ်လောက်တယ်"

"ဒီမိုကရေစီဆိုတာ ပြည်သူတွေရဲ့ ဆန္ဒသဘောထားနဲ့ အဆုံးအဖြတ်ကို ယူတာပေါ့နော်ကိုကို"

"ဟုတ်တယ်ကွ"

"ကျွန်တော်တို့မမွေးခင်ကတည်းက ဒီမိုကရေစီကို ပြည်သူလူထုက တောင်းဆိုခဲ့ကြတယ်နော်"

"မှန်တယ်"

"ကျွန်တော်တို့မမွေးခင်ကတည်းက ပြည်သူတွေလိုလား တောင်းဆိုခဲ့ကြတဲ့ ဒီမိုကရေစီကို မြန်မြန်ထက်ထက် ချက်ချင်းမပေးဘဲ အချိန်တွေ ကြာနေတာကတော့ တပ်မတော်အစိုးရက အာဏာကို ကြာရှည်ထိန်းထားချင်လို့ နေမှာနော်"

"ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲဖို့ မဲရတဲ့ ပါတီကိုယ်စားလှယ်များနဲ့ ပါတီတိုင်းက ကိုယ်စားလှယ်တွေကို မင်းမမွေးသေးခင်က အမျိုးသားညီလာခံ ကျင်းပဆောင်ရွက်စေခဲ့တာဟာလည်း တပ်မတော်က အာဏာကို လွှဲပေးချင်လို့သာ စီမံတာမဟုတ်လား"

"အင်း-ဒါလဲ ဟုတ်သားပဲနော်"

"အနိုင်ရတဲ့ပါတီကို ဖွဲ့စည်းပုံအခြေခံဥပဒေဆွဲပါ၊ ဒါကိုပြည်သူက အတည်ပြုရင် အာဏာလွှဲပေးပါမယ်လို့ ပြောခဲ့ပေမယ့် နိုင်ငံရေးသမားအချို့ကတော့ အစိုးရအာဏာ ချက်ချင်းလွှဲပေးရမယ်လို့သာ ဇွတ်တရွတ် မာမာတင်းတင်း တောင်းဆိုခဲ့တာ ညီညီရဲ့"

"ဒါတော့ အလျင်စလိုနိုင်တာပေါ့နော်"

"၁၉၈၈ခုနှစ်က ဆန္ဒပြတောင်းဆိုမှုတွေ၊ ဆူပူအုံကြွမှုတွေ ဖြစ်လာတော့ အဲဒီတုန်းက နိုင်ငံတော်သမ္မတကြီး ဒေါက်တာမောင်မောင်က သုံးလအတွင်း ရွေးကောက်ပွဲ လုပ်ပေးပါမယ်ပြောတာကို သွေးနားထင်ရောက်နေတဲ့ နိုင်ငံရေးသမားအချို့က ဘာမှ အမြော်အမြင်မရှိဘဲ သူတို့ကိုသာ ကြားဖြတ်အစိုးရအဖြစ် ချက်ချင်း အာဏာလွှဲအပ် ပေးရမယ်လို့ပဲ တောင်းဆိုခဲ့တာကွဲ့။ ကြည့်ပေတော့"

"ဟာ....တော်တော်ဘဝင်မြင့်၊ လောဘကြီးတဲ့ နိုင်ငံရေးသမားတချို့ပါလား ကိုကိုရယ်"

"နောက်ကြောင်းရာဇဝင်တွေဟာ မရှည်သင့်ဘဲ ရှည်လျားကြန့်ကြာခဲ့ရတာပါ ညီညီရာ။ တပ်မတော်ကပဲ အချိန်ဆွဲပြီး အာဏာယစ်မူးနေသယောင်ယောင် ပြည်သူလူထုက အထင်မှားအောင်အချို့က လုပ်ကြံစွပ်စွဲ ပြောဆိုချင်ကြပါသေးတယ်။ ပေရှည်အောင် ဆွဲဆန့်နေသူတွေကတော့ အမြော်မြင်နည်းပါးပြီး ဒေါသလွှန်ကဲသူအချို့ပါ။ တကယ်တော့ နိုင်ငံရေးသမားမပါဘဲ ဒီမိုကရေစီနိုင်ငံနဲ့ ပါတီစုံစနစ်မဖြစ်လာဘူး ညီညီရဲ့။ နိုင်ငံရေးသမားကောင်းတွေ၊ မျိုးဆက်သစ်လူငယ်တွေ လိုအပ်နေပါသေးတယ်။ ပါတီတွေဟာ နိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွားကိုပဲ ဦးစားပေးတတ်ရပါမယ်"

"စာရေးဆရာကြီးတစ်ဦးရေးသလို ဂိမ်းကအသစ်၊ ကွင်းသစ်၊ ပလေယာအသစ်တွေနဲ့ ကစားကြရမှာပေါ့ ဟုတ်လား"

"ဟောင်းဟောင်းသစ်သစ် အဲဒါက အရေးမကြီးပါဘူး ညီညီရာ ဖြတ်လမ်းကလုပြီး မတက်ဖို့ဘဲ အဓိကကျတာပါ။ ရှိပြီးသား စည်းမျဉ်းစည်းကမ်း၊ တရားဥပဒေဆိုတာကိုတော့ လိုက်နာကြရတယ်ညီရ၊ စည်းကမ်းဥပဒေရဲ့ အထက်မှာ ဘယ်သူမှ မရှိဘူးလေ၊ တရားမျှတရမယ်"

"၁၉၄၇ ခုနှစ် လွတ်လပ်ရေး မရခင်ကတည်းက ဗိုလ်ချုပ်အောင်ဆန်းတို့ တောင်းဆိုပြီး ရခဲ့တဲ့ လွတ်လပ်ရေးဟာ လွတ်လပ်ရေးအစစ်မဟုတ်ဘူး။ ရွှေရည်စိမ်လွတ်လပ်ရေး အတုကြီးဆိုတဲ့ စွပ်စွဲပုတ်ခတ်ချက်နဲ့ လက်နက်ကိုင်ပြီး ပါလီမန်ဒီမိုကရေစီကို ဆန့်ကျင်တိုက်ခိုက် သိမ်းပိုက်မယ်ဆိုတဲ့ နိုင်ငံရေးသမားတစ်စု ပေါ်ခဲ့တယ်"

"မှားလိုက်တာနော်"

"မှားတာပေါ့ ညီညီ၊ သူတို့ကြောင့် ပြည်တွင်းစစ်ကြီး မီးဟုန်းဟုန်း တောက်လောင်ပြီး တိုင်းပြည်ဟာ နှစ်ပေါင်းလေးဆယ်လောက် ဆူပူ မငြိမ်မသက်မှုတွေနဲ့ ခေတ်နောက်ကျခဲ့ရတာပေါ့။ ဘာမှထူထောင်လို့မရဘူး၊ မွဲသွားတာပေါ့"

"တော်တော် အမြော်မြင်နည်းပါးတဲ့ နိုင်ငံရေးသမားတစ်စုရဲ့ မာန အာဃာတဟာ ပြည်သူတွေကို တော်တော်ကြီး ဒုက္ခပေးခဲ့တာပေါ့နော်၊ သမိုင်းသင်ခန်းစာဗျ"

"ဘာဝါဒ၊ ညာဝါဒဆိုတာက အပေါ်ယံဗန်းပြနေတာ သက်သက်ပါ။ ငါပါမှ၊ ငါအာဏာရရမယ်။ အခြားလူကို ခွဲဝေမပေးချင်ဘူးဆိုတဲ့ နိုင်ငံရေးသမားအချို့ရဲ့ ဝိသမလောဘ အာဏာငမ်းငမ်းတက် မက်မောလွန်းမှုတွေကြောင့် ပါတီတွေ အကွဲကွဲ အပြဲပြဲနဲ့ ပြည်သူလူထု စည်းလုံး ညီညွတ်မှုကိုပါ ပြိုကွဲစေခဲ့ပါတယ်။ ...

ရေးကို အဓိက ဦးစားမပေးခဲ့ကြဘူး...

"ကျွန်တော်တို့နိုင်ငံ သူများတွေ... နိုင်ငံရေးပါးမဝတဲ့ မနူးမနပ်လူတစ်...

"ပြီးခဲ့တာတွေ သင်ပုန်းချေ... တော့။ သင်ခန်းစာတော့ ယူကြရမှာ..."

"ဟုတ်တယ်ကိုကို"

"သင်ခန်းစာမယူဘဲ ဖြတ်လ... ရအောင် ဆူကြပါ၊ ပူကြပါ၊ လမ်းပေ... ခုနေအခါ လှုံ့ဆော်လာရင် သတိ... ဒီမိုကရေစီ ယုံကြည်သူတွေ မဟု... ဆန့်ကျင်ရေး အကြမ်းဖက်သမားတွေ...

"ဘာဖြစ်လို့လဲ ကိုကိုရဲ့"

"ညီညီ စဉ်းစားကြည့်။ နိ... တောင်းဆိုနေတာက ဖွဲ့စည်းပုံအခြေ... တွေ့ဆုံဆွေးနွေးပြီး အစိုးရက ပြန်ပြ...

"ဟင်...ဟုတ်လား။ အဲဒါ ... ပဲလား"

"ဘယ်လုပ်ပေးလို့ရမှာလဲ ညီ... ပြည်သူလူထုရဲ့ ၉၂ ဒသမ ၄၈ ရာခို... သိအောင် ထောက်ခံ အတည်ပြု... လှေအောင်း မြင်းဇောင်းမကျန် တရား... မဲပေးခဲ့ကြရတာ အားလုံးအသိပဲ။ အဲဒ... အဖြတ်ခင်ဗျ"

"ပြည်သူက အတည်ပြုပြီးသာ... လည်း ပြင်လို့မရဘူး။ ကော်မရှင်က... အမျိုးသားညီလာခံကလည်း ပြင်လို့... ဒီမိုကရေစီနည်းကျစွာ ဆွေးနွေးတိုင်ပင်... ခဲ့ကြတာမို့ပေါ့နော်"

"ပြင်ချင်ရင်ရတယ်"

"ဘယ်လို ပြင်ရမှာလဲ"

"၂၀၁၀ ရွေးကောက်ပွဲကျင်းပ... ပေါ်လာတဲ့အခါ လွှတ်တော်ကိုယ်စား... ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ... ပြုပြင်လို့ရပါတယ်။ ဒါကို သူတို့... မဟုတ်ပါဘူး။ ဒီမိုကရေစီကို တက... ပြည်သူ့အရည်အချင်းကို မလေးစား... ဥပဒေနဲ့အညီ၊ ဥပဒေဘောင်ထဲက ဆေ... ဟာ ဒီမိုကရေစီစနစ်ဖြစ်ပါတယ်"

"ရှင်းပြီ ကိုကိုရေ၊ လုံးဝမပြ... သေကြီး မဟုတ်ဘဲကိုးဗျ"

"ဒီမိုကရေစီစနစ်ဆိုတာ အ... ဆန္ဒကို အားလုံးက လိုက်နာဆောင်ရွ... ဖော်ကြရတာဗျ။ လူနည်းစု တစ်ရာခ...

> **"၂၀၁၀ ရွေးကောက်ပွဲကျင်းပပြီးနောက်... ကိုယ်စားလှယ်တွေက အခြေခံဥပဒေပါ ပြဋ္ဌာ... ကြပြီး ပြုပြင်လို့ရပါတယ်။ ဒါကို သူတို့သိပါတ... ကို တကယ် မယုံကြည်လို့ပါ။ ပြည်သူ့အရည်... ဥပဒေနဲ့ အညီ၊ ဥပဒေဘောင်ထဲက ဆောင်... ဖြစ်ပါတယ်"**

ညီညွတ်မှုကိုပါ ပြိုကွဲစေခဲ့ပါတယ်။ တိုင်းပြည်ကောင်းစားရေးကို အဓိက ဦးစားမပေးခဲ့ကြဘူးကွယ်"

"ကျွန်တော်တို့နိုင်ငံ သူများတွေလို မတိုးတက်ခဲ့တာ နိုင်ငံရေးပါးမဝတဲ့ မနူးမနပ်လူတစ်စုကြောင့်ပေါ့နော်"

"ပြီးခဲ့တာတွေ သင်ပုန်းချေလိုက်ပါလေ။ ရှိပါစေတော့။ သင်ခန်းစာတော့ ယူကြရမှာပေါ့"

"ဟုတ်တယ်ကိုကို"

"သင်ခန်းစာမယူဘဲ ဖြတ်လမ်းက အာဏာလုယူရအောင် ဆူကြပါ၊ ပူကြပါ၊ လမ်းပေါ်ထွက်အော်ကြပါလို့ ခုနေအခါ လှုံ့ဆော်လာရင် သတိထား။ ဒီလူတွေဟာ ဒီမိုကရေစီ ယုံကြည်သူတွေ မဟုတ်ဘူး။ ဒီမိုကရေစီ ဆန့်ကျင်ရေး အကြမ်းဖက်သမားတွေပဲ"

"ဘာဖြစ်လို့လဲ ကိုကိုရဲ့"

"ညီညီ စဉ်းစားကြည့်။ နိုင်ငံရေးသမားတချို့ တောင်းဆိုနေတာက ဖွဲ့စည်းပုံအခြေခံဥပဒေကို သူတို့နဲ့ တွေ့ဆုံဆွေးနွေးပြီး အစိုးရက ပြန်ပြင်ပေးရမယ်တဲ့"

"ဟင်...ဟုတ်လား။ အဲဒါ အစိုးရက လုပ်ပေးမှာပဲလား"

"ဘယ်လုပ်ပေးလို့ရမှာလဲ ညီညီ။ ၂၀၀၈ ခုနှစ်က ပြည်သူလူထုရဲ့ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းက နိုင်ငံတကာ သိအောင် ထောက်ခံ အတည်ပြုခဲ့ပြီးပြီ။ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် တရားမျှတပြီး လွတ်လပ်စွာ မဲပေးခဲ့ကြရတာ အားလုံးအသိပဲ။ အဲဒါက ပြည်သူရဲ့ အဆုံးအဖြတ်ခင်ဗျ"

"ပြည်သူက အတည်ပြုပြီးသား ဥပဒေကို အစိုးရကလည်း ပြင်လို့မရဘူး။ ကော်မရှင်ကလည်း ပြင်လို့မရဘူး။ အမျိုးသားညီလာခံကလည်း ပြင်လို့မရဘူး။ အဆင့်ဆင့် ဒီမိုကရေစီနည်းကျစွာ ဆွေးနွေးတိုင်ပင်ပြီး ရေးဆွဲပေါ်ပေါက်ခဲ့ကြတာမို့ပေါ့နော်"

"ပြင်ချင်ရင်ရတယ်"

"ဘယ်လို ပြင်ရမှာလဲ"

"၂၀၁၀ ရွေးကောက်ပွဲကျင်းပပြီးနောက် လွှတ်တော်ပေါ်လာတဲ့အခါ လွှတ်တော်ကိုယ်စားလှယ်တွေက အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ တိုင်ပင်ဆွေးနွေးကြပြီး ပြုပြင်လို့ရပါတယ်။ ဒါကို သူတို့သိပါတယ်။ မသိလို့ မဟုတ်ပါဘူး။ ဒီမိုကရေစီကို တကယ် မယုံကြည်လို့ပါ။ ပြည်သူ့အရည်အချင်းကို မလေးစားလို့သာပါ။ အဲဒီထိ ဥပဒေနဲ့အညီ၊ ဥပဒေဘောင်ထဲက ဆောင်ရွက်ကြမှ။ အဲဒါဟာ ဒီမိုကရေစီစနစ်ဖြစ်ပါတယ်"

"ရှင်းပြီ ကိုကိုရေ၊ လုံးဝမပြင်ရဆိုတာမျိုး တရားသေကြီး မဟုတ်ဘဲကိုးဗျ"

"ဒီမိုကရေစီစနစ်ဆိုတာ အများစုက ဆုံးဖြတ်ရာ ဆန္ဒကို အားလုံးက လိုက်နာဆောင်ရွက် အကောင်အထည်ဖော်ကြရတာဗျ။ လူနည်းစု တစ်ရာခိုင်နှုန်းတောင် မရှိတဲ့ သူလေးက လူစုလူအုပ် အစုအဝေးလုပ်ပြီး ၉၃ရာခိုင်နှုန်းက ဆုံးဖြတ်အတည်ပြုထားတာကို ပယ်ဖျက်ရမယ်၊ အသစ်ပြင်ရမယ်ဆိုတာ အော်နေလို့ကတော့ ဒီမိုကရေစီကို အရေခြုံထားပေမယ့် လူတစ်စုဖြတ်လမ်းက အာဏာရရေး၊ ထင်ရာလုပ်ရေးပဲ ညီညီရ"

"ရှင်းပါတယ် ကိုကို၊ ခွဲခွဲခြားခြား သိသွားပြီ"

> **"ပြည်သူတွေရဲ့ ခေတ်နဲ့အညီ အမြော်အမြင်ရှိကြတာကို ယုံကြည်ရမယ်။ ပြည်သူတွေရဲ့ စွမ်းအားကို လေးစားကြရမယ်။ ငါမပါရရင် မဖြစ်ဘူး။ ငါ့အုပ်စု ဗိုလ်မလုပ်ရရင် မတရားဘူး၊ အချိန်ကြာချင်ကြာပါစေ၊ ခေတ်မမီဘဲ နောက်ကျချင်ကျပါစေ၊ လူတွေစိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ကြရင်လည်း ဖြစ်ပါစေ၊ ဆွဲထားမယ်ဆိုတာမျိုးဟာ ခေတ်နောက်ပြန်ဆွဲလို့ ဒိတ်အောက်နေပါပြီ။ ရာဇဝင်ထဲမှာ သူ့ကိုထားရစ်ခဲ့"**

"ပြည်သူတွေရဲ့ ခေတ်နဲ့အညီ အမြော်အမြင်ရှိကြတာကို ယုံကြည်ရမယ်။ ပြည်သူတွေရဲ့ စွမ်းအားကို လေးစားကြရမယ်။ ငါမပါရရင် မဖြစ်ဘူး။ ငါ့အုပ်စု ဗိုလ်မလုပ်ရရင် မတရားဘူး၊ အချိန်ကြာချင်ကြာပါစေ၊ ခေတ်မမီဘဲ နောက်ကျချင်ကျပါစေ၊ လူတွေစိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်ကြရင်လည်း ဖြစ်ပါစေ၊ ဆွဲထားမယ်ဆိုတာမျိုးဟာ ခေတ်နောက်ပြန်ဆွဲလို့ ဒိတ်အောက်နေပါပြီ။ ရာဇဝင်ထဲမှာ သူ့ကိုထားရစ်ခဲ့"

"လူတွေက ခေတ်မီဖွံ့ဖြိုးတိုးတက်ချင်တာ၊ ဒီမိုကရေစီခေတ်ကို မြန်မြန်ရောက်ချင်တာ"

"အဖျက်သမား၊ အနှောင့်အယှက် အဟန့်အတားတွေကို ဖယ်ရှားရှင်းလင်းရမှာပေါ့ ညီညီ။ အစ်ကို စဉ်းစားမိတာလေး တစ်ခုရှိတယ်"

"ဘာများလဲ ကိုကို"

"ငရဲဘုံနဲ့ ကောင်းကင်ဘုံဆိုတဲ့ အနောက်တိုင်းပုံပြင်လေးပါကွယ်"

"ပြောပြပါဦး၊ ညီညီ နားထောင်ချင်တယ်"

"ဒီလိုပါ။ လူတစ်ယောက် လူ့ဘဝက သေလွန်ခါနီးမှာ သေငယ်ဇောနဲ့ မြောနေတယ် ဆိုပါစို့ကွယ်။ ယမမင်းက ငရဲဘုံနဲ့ ကောင်းကင်ဘုံကို လိုက်ပြသတဲ့။

တစ်နေရာမှာ လူတွေဟာ ပိန်ခြောက်၊ ညှိုးနွမ်း၊ မည်းမှောင်၊ မျက်တွင်းခွက်၊ ပါးရိုးငေါငေါ၊ အားလုံး အရုပ်ဆိုးစွာ ငတ်မွတ်ဒေါသထွက်၊ မကျေနပ်၊ ငြူစူ၊ ဆူပူ။ အစားအစာတွေ အလျှံပယ် စားပွဲပေါ်မှာရှိနေကြပါလျက် ယူလို့မရ၊ စားလို့မရ၊ ဖိတ်စဉ်၊ လွင့်ကျ၊ ဒေါပွနေကြ။

လူတွေညာဘက်မှာ လေးပေအရှည်ခက်ရင်း။ သူ့ရဲ့ ဘယ်ဘက်လက်က လေးပေရှည်တဲ့ ထမင်းစားဇွန်း၊ အဲဒါတွေက သူ့ပါးစပ်ထဲထည့်လို့မရဘူး။ သူ့ဘာသူစားဖို့ ကြိုးစားရင်းနဲ့ လောကကို အလိုမကျ။ ငရဲသားတွေရဲ့ဘဝ။

ရှေ့ဆက်ခေါ်သွား၊ အခြားတစ်နေရာ။ အစစအရာရာ၊ အားလုံးထပ်တူ၊ အလားတူပါ။ ဘာဆိုဘာမှ လုံးဝမကွဲပြားပါ။ သို့သော် ဒီလူတွေကတော့ ဖြူဖွေးလှပ၊ အားလုံးဟာ တင့်တယ်ပြိုးရွှင်၊ ကြည်လင်ရယ်မောနေကြ၊ အချင်းချင်းလဲ ချစ်ခင်ကြတယ်။ သီချင်းတွေဆို၊ ကသူတွေက ကနေကြ။ ဟင်-သူတို့ဘာကြောင့် ပျော်ရွှင်ချမ်းမြေ့နေကြပါလိမ့်။

သူတို့ကိုယ့်ပါးစပ်ပေါက်ထဲစားဖို့ ဝါးဖို့မကြိုးစား။ ဘယ်သူမှ မကြံစည်ကြပါ။ သူများ ဘာကိုစားချင်ပုံ ပေါ်သလဲ၊ အမြဲတစေလှေ့လာပြီး သူတစ်ပါးကို ကျွေးတာ၊ မွေးတာ၊ ပေးတာကိုး။

သူက ငါ့ခွံ့ကျွေး၊ ငါက အခြားသူခွံ့ကျွေး။ သူက တခြားလူကို ထိုသူကြိုက်တာလေးယူပေး။ အားလုံးပဲ ဝဝလင်လင်နဲ့ ကျန်းမာပျော်ရွှင်လို့။

" ဒါက ဘာလဲ ယမမင်းကြီး"

" ဒါက ကောင်းကင်ဘုံခေါ်တယ်"

" ဒါဆို အရင်နေရာက ဘာလဲ ယမမင်းကြီး"

" အဲဒါက ငရဲဘုံခေါ်တယ်"

ငရဲနဲ့ကောင်းကင်ရဲ့ ခြားနားချက်က တစ်ခုတည်းပဲ။ ငရဲသားတွေက သူစားဖို့ပဲသူငမ်းငမ်းတက်လုပ်နေတယ်၊ သူတစ်ပါး ကောင်းစားရေးမစဉ်းစား၊ သူများကို ကျွေးရန်မျှဝေပေးရန် လုံးဝကိုစိတ်မကူး။ သူ့ပါးစပ်ပေါက်ထဲ မထည့်ရသမျှ ဒေါပွလို့ အော်ဟစ်ငြူစူနေသံတွေ ဆူညံနေတာ။ စိတ်ထား ကွာတာ။

ကောင်းကင်ဘုံသားတွေက အားလုံးကို အဟောဝတ သုံးဆောင်ကြပါ။ ကျွေးမွေးချင်ကြတာ၊ ပေးချင်ကြတာ၊ သူတစ်ပါးကောင်းစားပါစေ၊ ဝဖြိုးပါစေ၊ ပျော်ရွှင်ပါစေ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ စိတ်ထားပြည့်ဝနေကြတာ။ နည်းလမ်းတကျ ပေးဝေတာ။

" သိပြီ ကိုကိုရေ၊ အကုသိုလ်ဒုစရိုက် စိတ်ထား ရှိကြတဲ့ လူတွေဟာ ငရဲဘုံမှာ (မနာလို၊ဝန်တို၊ မာန၊ လောဘ လွန်ကဲ၊ ဒေါသတွေ ဆူပွက်) ခံစားနေကြရတာ။ ကောင်းမှုကုသိုလ်စိတ် ရှိကြသူတွေက ကောင်းကင်ဘုံရောက် အေးချမ်းကြရတာ၊ ဟုတ်ရဲ့လား"

"ဒို့လူမျိုးတွေဟာ ဘာသာတရား အခံအမနဲ့ ယဉ်ကျေးခဲ့ကြပါတယ်။ သို့ပေမယ့် လောဘ၊ ဒေါသ၊ မာနလွန်ကဲလွန်းသူ အချို့သော နိုင်ငံရေးသမား တစ်စုလေးကြောင့် သူတို့ဒုက္ခပေးလို့ သန်းပေါင်းများစွာသော မြန်မာပြည်သူတွေဟာ ခေတ်နောက်ကျပြီး ဆင်းရဲနိမ့်ကျနေခဲ့ရတယ်။ သူတို့ကို စောင့်ရင်း၊ ငဲ့ညှာရင်း"

"ဟုတ်တယ် ကိုကို။ အချိန်တွေ ကုန်ခဲ့လှပြီနော်"

"အနာဂတ် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ဒီက လှမ်းမြင်နေကြရပြီ။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက် ခေတ်မီတယ်ဆိုတာ သမိုင်းကြောင်းရာဇဝင် ရှည်တာ တိုတာနဲ့ မဆိုင်လှဘူး။ သယံဇာတတွေ ပေါကြွယ်ခြင်း၊ ဆင်းရဲချို့တဲ့ခြင်းနဲ့လည်း မသက်ဆိုင်ကြဘူး။ လူတွေရဲ့ အသားဖြူခြင်း၊ မည်းခြင်းတို့နဲ့လည်း မဆိုင်ပါဘူး။ ပြည်သူတွေ အမြော်အမြင် (ပညာ)ရှိကြပြီး အောင်မြင်ရမယ် ဆိုတဲ့ (ဆန္ဒာဓိပတိ)၊ ကြိုးစားကြမယ်ဆိုတဲ့ (ဥဋ္ဌာနသမ္ပဒါ)တရားတွေ ပြည့်စုံရင် မကြာခင်မှာ သိသိသာသာ တိုးတက်လာကြမယ်။ လူတွေ အရေးကြီးတာ"။ ။

> **...ကက်ပွဲကျင်းပပြီးနောက် လွှတ်တော်ပေါ်လာတဲ့အခါ လွှတ်တော် ...အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ တိုင်ပင်ဆွေးနွေး ...ယ်။ ဒါကို သူတို့သိပါတယ်။ မသိလို့ မဟုတ်ပါဘူး။ ဒီမိုကရေစီ ...လို့ပါ။ ပြည်သူ့အရည်အချင်းကို မလေးစားလို့သာပါ။ အဲဒီထိ ...ဒေဘောင်ထဲက ဆောင်ရွက်ကြမှ။ အဲဒါဟာ ဒီမိုကရေစီစနစ်**

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး စစ်ကိုင်းမြို့ ပတ္တမြားစက်မှုဇုန်တွင် စက်ရုံထုတ် ပရိဘောဂပစ္စည်းများနှင့် သစ်ခွဲသားများ၊ ရက်ကန်းစက်များဖြင့် အထည်များ ရက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

စစ်ကိုင်းမြို့ သီရိမင်္ဂလာခုံးကျော်တံတား တည်ဆောက်မှုအခြေအနေများ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂၄ရက်တွင် မြစ်ငယ်-စစ်ကိုင်းလမ်းပိုင်း အခြေအနေများကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး စစ်ကိုင်းမြို့ အိုးဘိုရပ်၌ သီရိမင်္ဂလာခုံးကျော်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်ဒ္ဒ အင်ဂျင်နီယာမှူးကြီးက တံတားတည်ဆောက်ရေးဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြ၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက သတ်မှတ်ချိန်ကာလအတွင်းပြီးစီးရေး မှာကြားသည်။

မှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် တံတားအတက် ချဉ်းကပ်လမ်း မြေဖို့ခြင်းလုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ တံတားကွန်ကရစ်ကြမ်းခင်းပြီးစီးမှုနှင့် တံတားတိုင်များကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် တိုင်းမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၂၅ရက်တွင် စစ်ကိုင်းမြို့ ခုတင်(၂၀၀)ဆံ့ သံကူကွန်ကရစ် နှစ်ထပ်တိုးချဲ့လူနာဆောင်နှင့် ခွဲစိတ်ဆောင်သစ် တည်ဆောက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်ဒ္ဒ စီမံကိန်းအင်ဂျင်နီယာက ဆေးရုံအဆောင်များ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များကိုမှာကြားကာ အဆောင်များအတွင်းရှိ အခန်းများနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှု စစ်ဆေးသည်။

ကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် စစ်ကိုင်းမြို့ ပတ္တမြားစက်မှုဇုန်သို့ သွားရောက်၍ စက်ရုံထုတ် ပရိဘောဂပစ္စည်းများနှင့် သစ်ခွဲသားများကိုလည်းကောင်း၊ ရက်ကန်းစက်များဖြင့် အထည်များ ရက်လုပ်နေမှုတို့ကိုလည်းကောင်း လိုက်လံကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့်အဖွဲ့ဝင်များသည် စစ်ကိုင်း-ရွှေဘို လမ်းပိုင်းသို့ ရောက်ရှိကြရာ ခရိုင်အင်ဂျင်နီယာမှူးက လမ်းလုပ်ငန်းများဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များကိုမှာကြားကာ လမ်းကိုကြည့်ရှုစစ်ဆေးသည်။

စစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် အဖွဲ့ဝင်များနှင့်အတူ စစ်ကိုင်း-ရွှေဘို ခရိုင်ချင်းဆက်လမ်းပိုင်းအခြေအနေများကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှု စစ်ဆေးပြီး သစ်ပင်ချောင်းဆည် တည်ဆောက်နေမှုနှင့် လမ်းပိုင်းအခြေအနေများကိုလည်း ကြည့်ရှုစစ်ဆေးသည်။

စိုက်ပျိုး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့်အဖွဲ့ဝင်များအား ရှင်းလင်းဆောင်ဒ္ဒ တာဝန်ရှိသူများက လုပ်ငန်းများဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လမ်းဘေး ဝဲ၊ ယာတစ်လျှောက်နှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးတို့အတွက် ဒေသနှင့်ကိုက်ညီသော အပင်များကို စိုက်ပျိုးရေးတို့နှင့်စပ်လျဉ်းပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

တင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် လှတော-ဝက်လက်-သစ်ဆိမ့်ကြီး လမ်းပိုင်းကိုကြည့်ရှုစစ်ဆေးပြီး ဝက်လက်မြို့နယ် သရိုင်ကျေးရွာသို့သွားရောက်၍ ဟံလင်းရေနုတ်မြောင်းမကြီးကို ကြည့်ရှုစစ်ဆေးရာ တိုင်းဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးက ရေနုတ်မြောင်းမကြီးက ရေထုတ်ပေးနိုင်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြ၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များကိုမှာကြားကာ စစ်ကိုင်း-ရွှေဘို လမ်းပိုင်း လမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၉

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် ဇူလိုင် ၁၇ရက်တွင် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည့် စစ်ကိုင်းတိုင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်း၊ တံတား လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ တိုင်းအင်ဂျင်နီယာမှူးကြီးက လမ်း၊ တံတားလုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ လမ်းအထူးအဖွဲ့ (၁၁) အင်ဂျင်နီယာမှူးကြီး၊ စစ်ကိုင်း၊ မုံရွာ၊ ရွှေဘို၊ ကသာ၊ ကလေးနှင့် ခန္တီးခရိုင်တို့မှ ခရိုင်အင်ဂျင်နီယာမှူးများနှင့် လမ်းအထူးအဖွဲ့ (၁၀) အင်ဂျင်နီယာမှူးတို့က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် လမ်း၊ တံတား လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် ဆောင်ရွက်မည့် လမ်း၊ တံတား ရန်ပုံငွေ ရရှိမှုနှင့် ပြီးစီးမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက ပါဝင်ဆွေးနွေးတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် တိုင်းမှူးသည် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းအားကစားကွင်း၌ ကျင်းပသည့် ၂၀၀၉ခုနှစ် (၁၈) ကြိမ်မြောက် တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်၍ ဗိုလ်လုပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးပြီး ပထမဆုရရှိသော အသင်းအား ဒိုင်းဆုကို ပေးအပ်ချီးမြှင့်သည်။

(အောက်ပုံ) (သတင်းစဉ်)

အထူးဈေးရောင်းပွဲ ကွတ်ခိုင်၌ကျင်းပ

လားရှိုး ဇူလိုင် ၂၉

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ရှမ်းပြည်နယ်(မြောက်ပိုင်း)ကွတ်ခိုင်မြို့ မိုးလုံလေလုံအားကစားရုံ၌ ဇူလိုင် ၂၄ရက် နံနက်ရနာရီက ကျင်းပရာ နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီးမင်းဦးက အထူးဈေးရောင်းပွဲတော်မုခ်ဦးအား စက်ခလုတ်နှိပ်၍လည်းကောင်း၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူး ဦးနေဝင်းစိုးနှင့် ကွတ်ခိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသက်လွင်တို့က ဖဲကြိုးဖြတ်၍လည်းကောင်း ဖွင့်လှစ်ပေးကြသည်။

ဈေးပွဲတော်တွင် အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သောပစ္စည်းများကို အရောင်းဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည်။ **(လားရှိုး-ကိုယ်ပွား)**

မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများဖြစ်၍

အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာခြင်း

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ်စနစ်တကျ စစ်ဆေးလျက်ရှိသည်။

ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်းရောင်းချလျက်ရှိသော အောက်ဖော်ပြပါတိုင်းရင်းဆေးဝါးများသည် တိုင်းရင်းဆေးဝါး မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများဖြစ်၍ စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သည့် ဆေးဝါးများဖြစ်ကြောင်း အများပြည်သူ သုံးစွဲရန်မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်-

စဉ်	ဆေးဝါးအမည်	- ထုတ်လုပ်/ဖြန့်ချိဌာန
၁။	ဥဒ္ဓဝါတသုခ သွေးလေကျဆေးကြီး	စွယ်စုံဗလဆေးတိုက် မိုင်းသောက်မြို့၊ အင်းလေး။
၂။	မပုအမှတ်တံဆိပ် ဓာတ်ပြာမွှေးသွားတိုက်ဆေး	ဒေါ်ရွှေမြ- သမီး မစိန်ပု(ခ)မပု အမှတ် ၇၅၄၊ စစ်ကိုင်းလမ်းသွယ်၊ ၂၅လမ်း၊ ၅ရပ်ကွက်၊ တောင်ဥက္ကလာ၊ ရန်ကုန်။
၃။	သက်တော်စောင့်ရုပ်ရှင်ဆေး	သက်တော်စောင့်ဆေးတိုက်၊ ရန်ကုန်မြို့။
၄။	(နွေ-မိုး-ဆောင်း) ချောင်းဆိုး၊ ပန်းနာ၊ ရင်ကျပ် ပျောက်ဆေး	ဆရာဦးသန်းမြင့်၊ ဒေါ်မို့မို့(နွေ-မိုး-ဆောင်း)ဆေးတိုက် အမှတ် ၈၅၆၊ မြလမ်းသွယ် ၁၊ ၃၃ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)။
၅။	အထူးသကြားရေစဉ်	သိမ်ဖြူဆရာဦးထွန်းလှ အမှတ် ၂၀၊ ကုန်သည်လမ်း၊ ဈေးပိုင်းရပ်၊ တောင်ကြီး။
၆။	ဆေးနက်ကျော် လေပုပ်ထုတ်ဆေး	ဏာဘယံဆေးတိုက် ဈေးတန်းရပ်၊ ပင်းတယမြို့၊ ရှမ်းပြည်(တောင်ပိုင်း)။

အများပြည်သူတို့အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူခြင်းမပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စူးစမ်းဝယ်ယူသုံးစွဲပါရန် နှိုးဆော်အပ်ပါသည်။

ဆေးဝါးဖြန့်ဖြူးသည့်လုပ်ငန်းများ၊ ဆေးဝါးရောင်းချသည့်ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန။

သင့်သွေးဖြင့် အသက်ကယ်ပါ

မှတ်သားဖွယ်ရာ မိုးရေချိန် ၂၉-၇-၂၀၀၉

နေပြည်တော်	၀ ဒသမ ၀၈ လက်မ	ပလက်ဝ	၃ ဒသမ ၈၂ လက်မ
ကော့ကရိတ်	၆ ဒသမ ၈၉ လက်မ	ရေးမြို့	၃ ဒသမ ၇၈ လက်မ
ဘားအံ	၄ ဒသမ ၀၁ လက်မ	ကျောက်တော်	၃ ဒသမ ၀၃ လက်မ
ရွှေကျင်	၃ ဒသမ ၈၆ လက်မ	အောင်လံ	၀ ဒသမ ၂၄ လက်မ

မုတ်သုံလေ အားကောင်းမည်

ရန်ကုန် ဇူလိုင် ၂၉

ယနေ့နံနက်၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော၂၄နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းတွင် နေရာကျဲကျဲ၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြားမိုးရွာခဲ့ကာ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

ဇူလိုင် ၃၀ရက် ညနေအထိ ခန့်မှန်းချက်မှာ ကယားပြည်နယ်၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြားမိုးရွာပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားကောင်းမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။



(၂၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲဖွင့်ပွဲတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် အဖွင့်အမှာစကားပြောကြားစဉ်။ (မြန်မာ့အလင်း)

ပြည်နယ်နှင့်တိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲဖွင့် ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇူလိုင် ၂၉

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ဇူလိုင်၂၇ရက် နံနက် ၉နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားရုံ၌ကျင်းပသည့် (၂၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ပြန်လည်အပ်နှံ

အဆိုပါအခမ်းအနားသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌဒေါ်အေးအေးနှင့် အမှုဆောင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်နှင့် အမှုဆောင်များ၊ ပြိုင်ပွဲဝင် အားကစားမောင်မယ်များနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အစီအစဉ်အရ ပြိုင်ပွဲဝင်အားကစားမောင်မယ်များ ကွင်းအတွင်းနေရာယူပြီးနောက် ယမန်နှစ်ချန်ပီယံ ရန်ကုန်တိုင်းအမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့က ဝန်ကြီးထံ တံခွန်စိုက်ဒိုင်းဆုများကို ပြန်လည်အပ်နှံကြသည်။

ပထမနေ့

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်က အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါပြိုင်ပွဲကို ဇူလိုင်၂၇ရက်မှ ဩဂုတ်၂ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဝါသနာရှင်များအနေဖြင့် အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းမှတ်တမ်း-သိန်းဝင်းလေး (မြန်မာ့အလင်း)

CHIGO Airconditioner နှစ်ပတ်လည် ဆုပေးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၉

M.C.G Co.,Ltd. ၏ ၂၀၀၉ခုနှစ် နှစ်ပတ်လည်ညစာစားပွဲနှင့် Dealerဆိုင်များအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ဇူလိုင် ၂၆ရက် ည ၇ နာရီက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် M.C.G Co.,Ltd. မှ ဒါရိုက်တာ ဦးနေမျိုးအောင်က CHIGO Airconditionerနှင့် ကုမ္ပဏီ၏ လုပ်ငန်းကိစ္စရပ်များကိုရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**ထို့နောက် တစ်နှစ်အတွင်း ရောင်းအား အကောင်းဆုံးဆိုင်များ၊ တက်ရောက်လာကြ သူများအား M.C.G Co.,Ltd မှ တာဝန်ရှိသူများက ဂုဏ်ပြုဆုများနှင့်ကံစမ်းမဲ လက်ဆောင်များကို ချီးမြှင့်ကြသည်။

သုံးစွဲသူနှစ်သက်

M.C.G Co.,Ltd သည် အိမ်သုံး၊ လုပ်ငန်းသုံး၊ စက်ရုံသုံး CHIGO Aircon မျိုးစုံကို မြန်မာနိုင်ငံ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တင်သွင်းဖြန့်ဖြူးရောင်းချနေသော ကုမ္ပဏီဖြစ်ပြီး CHIGO Airconကို နောက်ဆုံးပေါ် အဆင့်မြင့်ဂျပန်နည်းပညာ၊ ဂျပန် Compressor များအသုံးပြုထားခြင်း၊ Micro-Processor Control ပါရှိသဖြင့် တစ်စုံတစ်ရာချွတ်ယွင်းမှု ဖြစ်ပေါ်လာပါက စက်၏ Displayတွင် Error Codeဖော်ပြပေးသဖြင့် လိုအပ်သော အစိတ်အပိုင်းကို အလွယ်တကူ အချိန်တိုအတွင်း ပြင်ဆင်နိုင်ခြင်း၊ ဝန်ဆောင်မှုကောင်းမွန်ခြင်း၊ အပိုပစ္စည်းအလွယ်တကူ ဝယ်ယူရရှိနိုင်ခြင်းကြောင့် သုံးစွဲသူများ နှစ်သက်ကြကြောင်း သိရှိရသည်။

CHIGO Aircon များ၌ Auto-Restart, 4-Way System Air Flow, Overall Energy Saving အစရှိသော Foundation များပါဝင်ပြီး ကုမ္ပဏီအနေဖြင့် အအေးနှုန်းကောင်းမွန်ပြီး အရည်အသွေးပြည့်မီသော Aircon များကိုသာ တင်သွင်းရောင်းချလျက်ရှိပြီး After Sale service အနေဖြင့်လည်း အာမခံကာလ သုံးနှစ်ပေးထားကာ ပထမတစ်နှစ်တွင် ပစ္စည်းဖိုးလက်ခအခမဲ့၊ကျန်နှစ်နှစ်တွင်လက်ခအခမဲ့ဖြင့် သုံးစွဲသူများ အဆင်ပြေအောင် အမြန်ဆုံး ဆောင်ရွက်ပေးလျက်ရှိသည်။

ဝယ်ယူနိုင်

M.C.G Co.,Ltd.မှတင်သွင်းရောင်းချလျက်ရှိသော CHIGO Aircon မျိုးစုံအား ဆက်သွယ်ဝယ်ယူလိုပါက အမြို့မြို့အနယ်နယ်ရှိ အရောင်းကိုယ်စားလှယ်ဆိုင်ကြီးများနှင့် ရုံးချုပ် အမှတ်(၂၁၆)မြေညီထပ်၊ ၃၈လမ်း (အပေါ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၃၇၃၄၇၂၊ ၇၀၅၀၆၀၊ ၀၉-၅၀-၆၆၉၃၉၊ ၀၉-၅၁-၇၆၇၈၉တို့သို့ စုံစမ်းမေးမြန်း ဝယ်ယူနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

ကမ္ဘာ့လူတုပ်ကွေး အသိပညာပေး ဟောပြော

ရေစကြို ဇူလိုင် ၂၉

ကမ္ဘာ့လူတုပ်ကွေးရောဂါအကြောင်း အသိပညာပေးဟောပြောပွဲကို ရေစကြိုမြို့နယ်ရုံးအစည်းအဝေးခန်းမ၌ ဇူလိုင် ၁၁ရက် ညနေ ၃နာရီကကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြငွေက အဖွင့်အမှာစကားပြောကြားကာ ကျန်းမာရေးတာဝန်ရှိသူများက ဆွေးနွေးဟောပြောပြီး တက်ရောက်လာသူများက မရှင်းလင်းသည်များကို ပြန်လည်ဆွေးနွေးရာ ခေတ္တမြို့နယ်ကျန်းမာရေးမှူး ဒေါက်တာငုဝါက ရှင်းလင်းဖြေကြားသည်။

(မြို့နယ် ပြန်/ဆက်)

ကျေးလက်ရေပေးရေး ကွင်းဆင်းဆောင်ရွက်

ကောလင်း ဇူလိုင် ၂၉

ကျေးလက်ဒေသများ သန့်ရှင်းသောသောက်သုံးရေရရှိစေရန် ကောလင်းမြို့နယ် ကျွန်းတောကျေးရွာ ရေတွင်းတူးဖော်ရေး လုပ်ငန်းကို စီမံချက်ချဆောင်ရွက်လျက်ရှိရာ ကောလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေမျိုးနိုင်နှင့်အဖွဲ့ ဇူလိုင်၁၂ရက်က ကျေးလက်ရေရရှိရေးလုပ်ငန်းများကို ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၀၃၂)

နေပြည်တော် မြန်မာ့အသံ

(သောကြာနေ့-နံနက်+နေ့လယ်+ည)

(၃၁-၇-၂၀၀၉)

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက်
နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅ တရားတော်
(မောရသုတ်+ဝဋ္ဋသုတ်)
၇း၂၀ ဓမ္မပူဇာတေးပဒေသာ
၇း၂၅ (၃၈)ဖြာမင်္ဂလာ
နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၃၀ ပြောပါရစေရှင်
(မမှည့်ခင်အသီးကင်းလေးတွေနဲ့
မပွင့်ခင်အငုံပန်းကလေးတွေ)
၈း၃၅ တေးပဒေသာ
၉း၀၀ အစီအစဉ်ပြီး၏။

၁၀း၀၀ သောတရှင်လိုရာတေး
၁၀း၃၀ သတင်းစာအာဘော်
၁၀း၄၀ တူယှဉ်သီကြွေးစုံတွဲတေး
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀ လေလှိုင်းကြားကပွဲတင်သံ
၁၁း၄၅ နေ့လယ်ခင်းတေးပဒေသာ
၁၂း၀၀ စံတော်ချိန်
အလုပ်အကိုင်အခွင့်အလမ်း
(စစ်-ဆေး/စစ်-အင်ဂျင်နီယာ)
တေးပဒေသာ
၁၂း၃၀ သိမှတ်စရာ မြန်မာစကားမြန်မာစာ
(ပျို့ကဗျာများ၏အပြောက်
အမွှမ်းအဆင်တန်ဆာအဖွဲ့များ)
၁၂း၄၀ နေ့လယ်ခင်းတေးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်း
၁၃း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။

၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက်
ညနေခင်းတေးပဒေသာ
၁၆း၂၀ ဆောင်းပါး
၁၆း၃၀ စစ်သည်အတွက်
တေးလက်ဆောင်
၁၇း၁၀ တေးပဒေသာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ တေးပဒေသာ
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ တေးချစ်သူရွှေသီတေးပန်းချီ
နိုင်ငံရေးဦးတည်ချက်
၁၈း၄၅ တေးပဒေသာ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၁၀ ညချမ်းချိန်ခါတေးပဒေသာ
၁၉း၂၅ ဇာတ်လမ်းပမာနားဆင်စရာ
(မြင်းမိုရ်ကို အဆီသွစ် ကညစ်နဲ့
ရေးချင်တယ်)
၁၉း၄၅ တေးပဒေသာ
၂၀း၀၀ ပြည်တွင်းသတင်း
လပတ်မိုးလေဝသနှင့်
ဇလဗေဒခန့်မှန်းချက်
၂၀း၁၀ အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ
(လှအဖွဲ့လီတင့်)
စီးပွားရေးဦးတည်ချက်
တေးပဒေသာ
၂၁း၀၀ ဆောင်းပါး
(မေတ္တာထားပါ)
ခံစားနားဆင်မြန်မာတေးသံစဉ်
လူမှုရေးဦးတည်ချက်
ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀ အစီအစဉ်ပြီး၏။

သင့်သွေးဖြင့် အသက်ကယ်ပါ

ပေါက်ခေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း သွေးလွန်တုပ်ကွေးကာကွယ်ရေးအတွက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဈေးမိဈေးဖအဖွဲ့များ ပူးပေါင်း၍ ဇွန် ၃၀ရက်က ခြင်ဆေးဖျန်းစက်ဖြင့် ခြင်၊ ယင်များ နှိမ်နင်းစဉ်။ (မြို့နယ်စည်ပင်)

ပုသိမ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများအတွင်း သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ရေမြောင်းများအတွင်း အမှိုက်ကင်းစင်ပြီး ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းများတူးဖော်ခြင်း၊ ရေဆိုးမြောင်းများအတွင်းမှ ခြင်၊ ယင်ပေါက်ပွားမှု မရှိစေရေးအတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဇူလိုင် ၅ရက်က အဖွဲ့ပိုင် ရွှေပြည်သာဈေးနှင့် မြို့မဈေးကြီးအတွင်း၌ဆောင်ရွက်ရာ ပုသိမ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူး(ဈေး)ဦးမောင်မောင်နိုင် ဦးဆောင်၍ ဈေးအကျိုးတော်ဆောင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရာ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ခိုင်က ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

လိုင်းကားပေါ်၌ ခါးပိုက်နှိုက်မှုကျူးလွန်သူအား လက်ပူးလက်ကြပ် ဖမ်းဆီးရမိ

ရန်ကုန် ဇူလိုင် ၂၉

လိုင်းကားပေါ်၌ ခါးပိုက်နှိုက်မှု ကျူးလွန်သူတရားခံအား ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံး ဒုစရိုက်နှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များက လက်ပူးလက်ကြပ်ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ဖြစ်ပွားပုံမှာ ဇူလိုင် ၂၃ရက် ညနေ ၅နာရီက ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံး ဒုစရိုက်နှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် ခါးပိုက်နှိုက်မှုကျူးလွန်တတ်သူများအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် ကားမှတ်တိုင်များ၊ မော်တော်ယာဉ်များပေါ်၌ အသွင်ယူကာ လိုက်ပါစီးနင်းခဲ့ရာ အမှတ်၈၈ ယာဉ်လိုင်း၊ မော်တော်ယာဉ်အမှတ် ၁ခ/၇၇၄၁ပေါ်တွင်လိုက်ပါလာသူ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်ခင်ခင်မေ၏ ဆလင်းဘက်အိတ်ကိုဇစ်ဖွင့်ကာ ငွေပါသည့်အိတ်ကို နှိုက်ယူနေသူ မြတ်ကျော်(ခ)ကျောက်မျက်လုံး(၂၃နှစ်) စက်ကုန်းရပ်ကွက် ကြည့်မြင်တိုင်မြို့နယ်နေသူ**(ယာပုံ)**အား ဝိုင်းဝန်းဖမ်းဆီးရမိခဲ့သည်။

အရေးယူ

ပြစ်မှုကျူးလွန်သူ မြတ်ကျော်(ခ)ကျောက်မျက်လုံးထံမှ ၄င်းနှိုက်ယူခဲ့သော ပိုက်ဆံအိတ်ကို ပြန်လည်သိမ်းဆည်းရမိသဖြင့် ပြစ်မှုကျူးလွန်သူ မြတ်ကျော်(ခ)ကျောက်မျက်လုံးအား မင်္ဂလာတောင်ညွန့်ရဲစခန်းတွင် အမှုဖွင့်အရေးယူခဲ့သည်။



ပြည်သူလူထုအနေဖြင့် မော်တော်ယာဉ်များပေါ်၌ ခါးပိုက်နှိုက်ခံရပါက စီးနင်းလာသည့်မော်တော်ယာဉ်၏ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တို့၏ အကူအညီရယူ၍ နီးစပ်ရာရဲစခန်း၊ ရဲကင်းများသို့ မော်တော်ယာဉ်အား မောင်းနှင်စေရန်၊ အဖိုးတန်လက်ဝတ်ရတနာများနှင့် ငွေတန်ဖိုးများပြားစွာ ပါရှိပါက ခါးပိုက်နှိုက်မခံရရေး သတိပြုထိန်းသိမ်းကြရန် ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှ မှုခင်းအသိပညာပေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင် မိုင်းပျင်းမြို့နယ် အော်တိုအိတ်ချိန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် မိုင်းဖြတ်နှင့် မိုင်းပျင်းမြို့နယ်များအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှု

နေပြည်တော် ဇူလိုင် ၂၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂၇ရက် နံနက် ၁၀နာရီခွဲတွင် မိုင်းဖြတ်မြို့အဝင် ဒေသခံတောင်သူ ဦးအိုက်ထန်း၏ မိုးစပါးစိုက်ကွက်၌ သဘာဝဓာတ်မြေဩဇာ စုပေါင်းကြဲပက်နေမှုကို ကြည့်ရှုအားပေးကာ မိုးစပါး၊ နွေစပါးအပြင် ဒေသနှင့် ကိုက်ညီသည့် သီးနှံများကိုလည်း တိုးချဲ့စိုက်ပျိုးဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် အဖွဲ့သည် မိုင်းဖြတ်မြို့ အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်၍ ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားနေမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က လိုအပ်သည်များကိုမှာကြားကာ ကွန်ပျူတာနှင့် သုတ၊ ရသစာအုပ်များကို ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် တိုင်းမှူးနှင့် တာဝန်ရှိသူများနှင့်အတူ မိုင်းဖြတ် တပ်နယ်ဆေးရုံသို့ရောက်ရှိ၍ ဆေးရုံတက်လူနာများအား အလှူငွေနှင့် စားသောက်ဖွယ်ရာများကိုပေးအပ်ပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် ဇူလိုင် ၂၈ရက် နံနက် ၈နာရီခွဲတွင် တိုင်းမှူးနှင့်တာဝန်ရှိသူများလိုက်ပါလျက် တာကော်-မိုင်းပျင်း-ကျိုင်းတုံလမ်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီးက လမ်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် တုံတာမြို့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက လမ်းလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က လုပ်ငန်းများကို စနစ်တကျ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

လိုအပ်သည်များမှာကြား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် နမ့်လပ်တံတားသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက တံတားကြံ့ခိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံရှင်းလင်းပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် တိုင်းမှူးနှင့် တာဝန်ရှိသူများနှင့်အတူ မိုင်းပျင်းမြို့နယ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရုံး၌ ကျင်းပသည့် ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် တိုင်းမှူးနှင့် ပြည်နယ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမန်နေဂျာတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် အော်တိုအိတ်ချိန်း ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အော်တိုအိတ်ချိန်းရုံးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ ဖုန်းများကို စမ်းသပ်ဆက်သွယ်အသုံးပြုကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် တိုင်းမှူးနှင့်တာဝန်ရှိသူများ လိုက်ပါလျက် မိုင်းပျင်းတပ်နယ်ခန်းမ၌ တပ်နယ်မှအရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို မှာကြားကာ စစ်သည်၊ မိသားစုဝင်များအတွက် သုတ၊ ရသ၊ စာအုပ်များနှင့် စားသောက်ဖွယ်ရာများကို လက်ဆောင်အဖြစ်ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် မိုင်းပျင်းမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြ၍ ဆေးရုံတက်လူနာများအား အလှူငွေနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ကြပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြကာ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က ဆေးရုံအတွက် ဆေးဝါးပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် တိုင်းမှူးနှင့် တာဝန်ရှိသူများနှင့်အတူ မိုင်းပျင်းမြို့နယ် ရေပူစန်းကျေးရွာအနီးရှိ မြို့နယ်ရဲတပ်ဖွဲ့၏ လက်ဖက်စိုက်ခင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက မြို့နယ်အတွင်း လက်ဖက်စိုက်ပျိုးထားမှုနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က ဒေသနှင့်ကိုက်ညီသည့် လက်ဖက်များကို စနစ်တကျဖြင့် အောင်မြင်ဖြစ်ထွန်းအောင် တိုးချဲ့စိုက်ပျိုး ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် ဇူလိုင် ၂၉

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၉ခုနှစ် တတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို နေပြည်တော်အားကစားကွင်း၊ နေပြည်တော်ပျဉ်းမနား(ပေါင်းလောင်း)အားကစားကွင်းနှင့် နေပြည်တော်လယ်ဝေး အားကစားကွင်းတို့၌ ယနေ့ ညနေ ၄နာရီတွင် အသီးသီးယှဉ်ပြိုင်ကစားကြရာ နေပြည်တော်အားကစားကွင်း၌ ကျင်းပသော ပွဲစဉ်တွင် (ဆ)အုပ်စုမှ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

အနိုင်ရရှိ

နေပြည်တော် ပျဉ်းမနား(ပေါင်းလောင်း)အားကစားကွင်း၌ ကျင်းပသော (ဆ)အုပ်စုမှ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းနှင့် သမဝါယမဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းက ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

နေပြည်တော် လယ်ဝေး အားကစားပြိုင်ကွင်း၌ကျင်းပသော (ဇ)အုပ်စုမှ အားကစားဝန်ကြီးဌာနအသင်းနှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အားကစားဝန်ကြီးဌာနအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ဇူလိုင် ၃၀ရက် ညနေ ၄နာရီတွင် နေပြည်တော်အားကစားပြိုင်ကွင်း၌ (ဇ) အုပ်စုမှ သစ်တောရေးရာဝန်ကြီးဌာန အသင်းနှင့် အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအသင်း၊ နေပြည်တော်ပျဉ်းမနား (ပေါင်းလောင်း)အားကစားကွင်း၌ (ဃ) အုပ်စုမှ အလုပ်သမားဝန်ကြီးဌာနအသင်းနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာနအသင်း၊ နေပြည်တော်လယ်ဝေး အားကစားကွင်း၌ (ဃ)အုပ်စုမှ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အသင်းနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့အသီးသီး ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဗိုလ်လုပွဲတက်

ဇူလိုင် ၂၉ရက်ညနေ ၄နာရီတွင် ပထမအကြိမ် ပြည်နယ်နှင့်တိုင်း အသက်(၁၇) နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဒုတိယအကြိမ်ဗိုလ်လုပွဲကို စစ်ကိုင်းတိုင်း မုံရွာမြို့ရှိ တိုင်းအားကစားကွင်း၌ စစ်ကိုင်းတိုင်းအသင်းနှင့် ဧရာဝတီတိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စစ်ကိုင်းတိုင်းအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ဇူလိုင်၃၁ရက်တွင် တတိယနေရာလုပွဲအဖြစ် ရန်ကုန်တိုင်းအသင်းနှင့် ဧရာဝတီတိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ဩဂုတ် ၁ရက်တွင် ဗိုလ်လုပွဲအဖြစ် စစ်ကိုင်းတိုင်းအသင်းနှင့် မန္တလေးတိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၇-၂၀၀၉
(ကြာသပတေးနေ့)

နံနက်ပိုင်း

၅း၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ ဓဇဂ္ဂသုတ်
၅း၁၅ MRTV-4 သတင်း
၆း၀၀ **မုလေးပန်းပမာတရားရှာ** တရားတော် အရှင်ဥတ္တရ (ကျိုက်ဒေးယျုံဆရာတော်)
၆း၅၀ ပုသိမ်မြို့ ကျက်သရေဆောင် ရွှေမုဋ္ဌောစေတီတော်
၇း၀၀ MRTV-4 သတင်း
၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှင်းပွင့်ဧကရီ** (အပိုင်း-၂၇)
၈း၃၀ မန္တလေးဂန္ထဝင်ညနှင့် ကိုမင်းနောင်
၉း၁၀ Sports World (Football Asia)
၉း၃၅ Activities in the City ဗီဒီယိုနှစ်ကား ကန်တော့ပွဲပေးခြင်းနှင့် စာနယ်ဇင်းမိတ်ဆက်ပွဲ အခမ်းအနား
၉း၅၅ ဂုန်လျှော်နှင့် ဂုန်လျှော်ထွက်ပစ္စည်းများ
၁၀း၁၀ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာဘောဘီနှင့် တွေ့ဆုံခြင်း)
၁၀း၅၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (အချစ်ဟုအမိပ္ပာယ်သက်ရောက်ခြင်း မရှိစေရ)
၁၁း၂၅ လူငယ်နှင့်ဆေးလိပ်အန္တရာယ် (ဒေါက်တာ ခင်မောင်လွင်၊ ဒေါက်တာ အောင်ထွန်း)
၁၁း၅၀ ဂီတသရုပ်ပြခန်း (သွန်း-စင်ကာပူည)
၁၂း၂၀ တေးဂီတအစီအစဉ်
၁၂း၃၅ **နတ်လူသာခုခေါ်စေသော** ခေတ်သစ်၊ ဝိုင်းစုခိုင်သိန်း၊ သတိုးစော (ဒါရိုက်တာ-သော်ကိုကိုကျော်)
၁း၀၀ **မုလေးပန်းပမာ တရားရှာ** တရားတော် အရှင်ဥတ္တရ (ကျိုက်ဒေးယျုံ ဆရာတော်)
၂း၀၀ MRTV-4 သတင်း
၂း၄၅ Fashion Music Festival (Hip Hop Fashion-3)
၃း၁၅ Activities in the City ဗီဒီယိုနှစ်ကား ကန်တော့ပွဲပေးခြင်းနှင့် စာနယ်ဇင်းမိတ်ဆက်ပွဲ အခမ်းအနား
၃း၃၀ ကွန်ရက်ပမာ ယုက်သွယ်ဖြာ
၃း၄၅ ရန်ကုန်မြင်ကွင်းကျယ် (City Mart Super Market မိခင်များနေ့ အထိမ်းအမှတ် ဆဌမအကြိမ်မြောက် အလှူငွေပေးအပ်ပွဲ အခမ်းအနား)
၄း၁၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (အချစ်ဟုအမိပ္ပာယ်သက်ရောက်ခြင်း မရှိစေရ)
၄း၅၀ ဂီတသရုပ်ပြခန်း (သွန်း-စင်ကာပူည)
၅း၂၀ အနုပညာမိုးကောင်းကင်
၅း၄၀ နုယဉ်ဆန်းထွင် သစ်သီးအလှဆင် (သင်္ဘောသီးနှင့် နှင်းဆီပန်း ပုံဖော်နည်း)
၆း၀၀ MRTV-4 သတင်း
၆း၂၀ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာဘောဘီနှင့် တွေ့ဆုံခြင်း)
၇း၀၀ Fashion Music Festival (Hip Hop Fashion-3)
၇း၃၅ Make In a Delicious Way (ဂရိရိုးရာ အစားအစာများ) (အပိုင်း-၂)
၈း၀၀ MRTV-4 သတင်း
၈း၃၀ မန္တလေးဂန္ထဝင်ညနှင့် ကိုမင်းနောင်
၉း၁၀ အနုပညာမိုးကောင်းကင်
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှင်းပွင့်ဧကရီ** (အပိုင်း-၂၇)
၁၀း၀၀ ကမ္ဘာ့စုံလင်အားကစားအစီအစဉ် (Euro Beach Soccer League)
၁၁း၅၀ ချည်ခင်ချည်မျှင် ပိတ်စအသွင်
၁၂း၁၅ လေးပါးဆေး အမယ်ပေါင်းစုယူ ဆေးစတုမဓူ
၁၂း၃၅ လှပဆန်းကြယ် မြန်မာ့ရွှေချည်ထည်
၁၂း၅၀ ရန်ကုန်မြင်ကွင်းကျယ် (City Mart Super Market မိခင်များနေ့ အထိမ်းအမှတ် ဆဌမအကြိမ်မြောက် အလှူငွေပေးအပ်ပွဲ အခမ်းအနား)
၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါနှင့် ပတ်သက်၍ သိကောင်းစရာများ

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါသည် ကူးစက်မှုမြန်သည်။ ကပ်ရောဂါဖြစ်ပွားလျှင် အသက်၊ စီးပွားရေးနှင့် လူမှုရေး ဆုံးရှုံးမှုများ ရင်ဆိုင်ရမည်။ ထိုဆုံးရှုံးမှုများမှ ကာကွယ်ရန် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရန် အရေးကြီးသည်။

မေး။ ။ သာမန်တုပ်ကွေးရောဂါနှင့် ယခုကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ဘယ်လို ခွဲခြားသိနိုင်ပါသလဲ။

ဖြေ။ ။ သာမန်အားဖြင့် ရောဂါလက္ခဏာချင်း ဆင်တူပါသည်။ ရာသီတုပ်ကွေး ရောဂါသည် ရာသီအလိုက် မကြာခဏဖြစ်ပေါ်နေသဖြင့် လူများတွင် ကိုယ်ခံစွမ်းအား အတိုင်းအတာတစ်ခုအထိ ရှိနေပြီး၊ ကလေးများ၊ အသက်အရွယ်ကြီးရင့်သူများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ နာတာရှည် ရောဂါရှိသူနှင့် ခုခံအားကျဆင်းမှုရှိသူများတွင် ဖြစ်ပွားပါက ပြင်းထန်ပြီး အသက်ဆုံးရှုံးမှု ဖြစ်နိုင်ပါသည်။

သို့သော် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါသည် ပိုးအသစ်ဖြစ်သောကြောင့် မည်သူ့တွင်မှ ကိုယ်ခံစွမ်းအား မရှိပါ။ ထို့ကြောင့် ရောဂါလက္ခဏာ ပိုမိုပြင်းထန်ပြီး အသက်အရွယ်မရွေး လူအားလုံးတွင် ဖြစ်နိုင်ကာ ရာသီတုပ်ကွေးကဲ့သို့ကလေးများ၊ အသက်အရွယ်ကြီးရင့်သူများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ နာတာရှည်ရောဂါရှိသူနှင့် ခုခံအားကျဆင်းမှုရှိသူများတွင် အသက်ဆုံးရှုံးမှု များပြားနိုင်ပါသည်။ ဓာတ်ခွဲစမ်းသပ်ခြင်းဖြင့်သာ ရောဂါခွဲခြားသိရှိနိုင်ပါသည်။

မေး။ ။ တုပ်ကွေးရောဂါဖြစ်သူတိုင်း ဤရောဂါပိုးအား စစ်ဆေးရန် လိုအပ်ပါသလား။

ဖြေ။ ။ တုပ်ကွေးရောဂါဖြစ်လျှင် နီးစပ်ရာဆေးခန်း၊ ဆေးရုံများနှင့် ကျန်းမာရေးဌာနသို့ ပြသရန် လိုအပ်ပါသည်။ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် လိုအပ်ပါက ဓာတ်ခွဲစမ်းသပ် စစ်ဆေးမှုများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မေး။ ။ ယခု မြန်မာနိုင်ငံတွင် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ရောက်ရှိနေပြီလား။

ဖြေ။ ။ မရောက်ရှိသေးပါ။ ၂၀၀၉ခုနှစ် ဇွန်လ ၁၁ရက်နေ့အထိ ကမ္ဘာ့ကျန်းမာ ရေးအဖွဲ့မှ ထုတ်ပြန်ကြေညာချက်အရ ကမ္ဘာ့နိုင်ငံပေါင်း ၇၄နိုင်ငံတွင် ဓာတ်ခွဲစမ်းသပ်မှု စစ်ဆေးအတည်ပြုချက်အရ ၂၈၇၇၄ဦး ရောဂါဖြစ်ပွားခဲ့ပြီး ၁၄၄ ဦး သေဆုံးခဲ့ပါသည်။

30-7 (12).pmd 1 7/30/2009, 2:21 AM

ရေယာဉ်လေလံကြော်ငြာ

၁။ ဖမ်းဆီးရမိရေယာဉ်များ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ စစ်ထောက်ချုပ်ရုံးမှ ဖမ်းဆီးရမိ ရေယာဉ်ခုနစ်စင်းအား လေလံတင်ရောင်းချပွဲများကို အောက်ဖော်ပြပါ မြို့/ရက်များအတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသည်-

စဉ်	ရေယာဉ်အမည်/ အမျိုးအစား	အတိုင်းအတာ (ပေ)	အင်ဂျင် မြင်းကောင်ရေ
မြိတ်ဒေသ(၃၁-၇-၂၀၀၉)			
၁	ငါးခိုးလက်ခွမ်းလှေ	၅၄.၆×၁၀.၁၆×၄	ဟီးနိုးHO.7D(၆)လုံးထိုးမြင်း-၁၈၀
၂	ငါးကဲ့လှေ	၅၆×၈. ၁၀×၃	ဂျင်ဒေါင်း မြင်း-၁၈(၂)လုံး
မန္တလေးဒေသ (၃၁-၇-၂၀၀၉)			
၁	သစ်မှောင်ခိုလှေ	၄၉×၁၀×၃.၆	ရန်တိုင်း - မြင်း-၂၂
ကော့သောင်းဒေသ (၃-၈-၂၀၀၉)			
၁	ငါးဖုံးခွဲလှေ	၄၆×၈. ၅×၄	တရုတ်နီ၊မြင်း-၈/၁၀(၂)လုံး
စစ်တွေဒေသ(၃-၈-၂၀၀၉)			
၁	သစ်မှောင်ခိုလှေ	၇၅×၁၅×၈	နီဆန်း(၁၀)လုံးထိုး၊ မြင်း-၄၅၀
မုံရွာဒေသ(၃-၈-၂၀၀၉)			
၁	သစ်မှောင်ခိုလှေ	၄၂.၈×၁၀×၃.၉	ဂျင်မိန်း၊ မြင်း-၁၆
၂	သစ်မှောင်ခိုလှေ	၃၉.၆×၃.၁၀×၁.၆	တရုတ်နီ၊ မြင်း-၅/၆

၂။ လေလံတင်ရောင်းချခြင်းအား အသေးစိတ်သိလိုပါက ဖမ်းဆီးရမိရေယာဉ်များ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၊ စစ်ထောက်ချုပ်ရုံးနှင့် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များသို့ စုံစမ်းနိုင်ပါသည်။

ဖမ်းဆီးရမိ ရေယာဉ်များကြီးကြပ်ကွပ်ကဲရေးအဖွဲ့
စစ်ထောက်ချုပ်ရုံး

စစ်ထောက်ချုပ်ရုံး	-	ဖုန်း-၀၃၆-၃၁၀၉၅၊ ၀၃၆-၃၁၁၁၈
မြိတ်ဒေသ	-	ဖုန်း-၀၅၉-၄၁၈၀၃၊၀၃၁-၄၀၀၆၉၊၀၃၁-၄၀၀၆၈
မန္တလေးဒေသ	-	ဖုန်း-၀၃၃-၃၃၀၇၉၊ ၀၃၃-၃၃၀၈၅
ကော့သောင်းဒေသ	-	ဖုန်း-၀၅၉-၅၁၆၆၁
စစ်တွေဒေသ	-	ဖုန်း-၀၃၂-၃၃၀၂၅၊ ၀၄၃-၂၃၉၈၆
မုံရွာဒေသ	-	ဖုန်း-၀၃၃-၃၂၃၄၀၊ ၀၃၃-၃၂၃၄၃

ဂန့်ဂေါမြို့နယ် လောကအလင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၉

ဂန့်ဂေါမြို့နယ် အနောက်ဂန့်ဂေါကျေးရွာအုပ်စု အုပ်လှကျေးရွာ၌ လောကအလင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဇူလိုင် ၂၅ရက်တွင် အဆိုပါစာကြည့်တိုက်ရှေ့မျက်နှာစာနေရာ၌ကျင်းပရာ ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးထွန်းဝေနှင့် ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ဆောင်တို့က ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

လှူဒါန်း

ထို့နောက် ကျေးရွာရှိ လူမှုရေးအသင်းအဖွဲ့များက စာကြည့်တိုက် ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက စာကြည့်တိုက် ရှင်သန်ရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေး၊ စာငှားကတ်စနစ် ကျင့်သုံးရေးတို့ကို ရှင်းလင်းမှာကြားပြီး ကျေးရွာရှိလူမှုရေးအသင်းအဖွဲ့များက စုပေါင်း၍ စာကြည့်တိုက် ငွေပဒေသာပင်လှူဒါန်းငွေများကိုလည်းကောင်း၊ ဂန့်ဂေါမြို့ မြို့မရပ်ကွက်မှ ဦးကျော်သန်းဆွေက ရွှေသွေးဂျာနယ် ၅၂စောင်ကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကော့မှူးစည်ပင်သာယာ ခြင်ဆေးဖျန်းခြင်းဆောင်ရွက်

ကော့မှူး ဇူလိုင် ၂၉

ကော့မှူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ မြို့သစ်အမကကျောင်းဝင်းအတွင်း ဇူလိုင်၂၆ရက်ကခြင်ဆေးဖျန်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ကကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကျေးရွာစာကြည့်တိုက်များ စံ(၅)ရပ်နှင့်ညီရေး လှည်းကူးမြို့နယ်တွင် ရှင်းလင်းဆွေးနွေး

ရန်ကုန် ဇူလိုင် ၂၉

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူး (စီမံ) ဦးမောင်ဖေသည် ရန်ကုန်တိုင်းဦးစီးမှူး ဦးမြင့်ဆွေနှင့် ဦးစီးအရာရှိ ဒေါ်ဖြူဖြူတို့လိုက်ပါလျက် ဇူလိုင် ၂၈ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်ရုံး စာကြည့်တိုက်ခန်းမ၌ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများကို တွေ့ဆုံ၍ ကျေးရွာစာကြည့်တိုက်များ စံ(၅)ရပ်နှင့်အညီရှိရေး၊ စာငှားကတ်စနစ် ကျင့်သုံးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးမှာကြားသည်။ **(အပေါ်ပုံ)**

ဖြည့်ဆည်းဆောင်ရွက်ပေး

ဆက်လက်၍ လှည်းကူးမြို့နယ်ဦးစီးမှူး ဒေါ်စုစုလှိုင်က လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူး(စီမံ)က လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**



ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ မိုးရာသီသွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ခြင်ဆေးဖျန်းခြင်းကို တန့်ယန်းမြို့ လူငယ်သင်တန်းကျောင်းအတွင်း ဆောင်ရွက်ရာ တန့်ယန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးတင်မောင်စိုးနှင့် ဒုတိယဦးစီးမှူး(အခွန်) ဦးမိုင်းဟသ်ာထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (ပြည်နယ် ပြန်/ဆက်)

မူးယစ်ကင်းစင် အလှဆင်

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ဒေါပုံ၌ကျင်းပ

ရန်ကုန် ဇူလိုင် ၂၉

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒေါပုံမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ကြီးမှူးကျင်းပသော ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါကာကွယ်ရေး အသိပညာပေး ဟောပြောပွဲ အခမ်းအနားကို ဇူလိုင် ၂၈ရက်က မြို့နယ်ကျန်းမာရေးဦးစီးဌာနခန်းမ၌ ကျင်းပသည်။

ပညာပေးဆွေးနွေး

အခမ်းအနားတွင် ဒေါပုံမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ဆရာဝန်ဒေါက်တာအယ်လ်ဂျာယုံက ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါအကြောင်း သိကောင်းစရာများနှင့် ရောဂါကာကွယ်ပုံအကြောင်း ပညာပေးဆွေးနွေး ဟောပြောသည်။ **(အပေါ်ပုံ)**

တက်ရောက်

ဟောပြောပွဲသို့ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ပြည်သူများ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း စုပေါင်းလှူဒါန်းပွဲ

ရန်ကုန် ဇူလိုင် ၂၉

မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များ အသင်း၏ (၁၂)ကြိမ်မြောက်အလှူပွဲကို ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် အသင်း၏ စံပြကျေးရွာဖြစ်သော ကရင်ဆိပ်စံပြကျေးရွာ အောင်မင်္ဂလာဘုန်းကြီးကျောင်း၌ ဇူလိုင် ၁၉ရက်က ကျင်းပခဲ့ရာ အသင်းတည်ထောင်သူ အငြိမ်းစားပါမောက္ခဆရာမကြီး ဒေါ်ရီရီမြင့်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်သက်ရီနှင့် (EC) အဖွဲ့ဝင်များနှင့် အသင်းသူများ တက်ရောက်ကြပြီး စုပေါင်းလှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မိုးရာသီ ကာလအတွင်း သွေးလွန်တုပ်ကွေး ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မကွေးတိုင်း ချောက်မြို့ မြို့ပေါ်စာသင်ကျောင်းဖြစ်သော အလက (၃) စာသင်ကျောင်း၌ ဇူလိုင် ၂၂ရက်က ခြင်ဆေးဖျန်းစက်ဖြင့် လုပ်ငန်း ဆောင်ရွက်နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးသန်း၊ ကျောင်းအုပ်ကြီးတို့က ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)



မြန်မာ့ရုပ်မြင်သံကြား

၃၀-၇-၂၀၀၉ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်း သာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ **အောင်တော်မူ** စောမင်းနောင်၊ စိုင်းညီမင်း (တေးရေး-ဗိုလ်ကလေး တင့်အောင်)
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၆။ အကပဒေသာ
၈:၁၀ ၇။ တေးဂီတအစီအစဉ်
၈:၂၅ ၈။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
၈:၃၀ ၉။ အတီးပြိုင်ပွဲ
၈:၄၀ ၁၀။ International News
၈:၅၀ ၁၁။ စက်မှုတပ်ဆင်လုပ်ငန်းတွင်
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၀ ၃။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၄:၃၀ ၄။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၄:၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ-တတိယနှစ် (မြန်မာမှုပညာအထူးပြု) (မြန်မာမှုပညာ)
၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၁၀ ၇။ မှုဟန်သွယ်သွယ် ဆိုကြမယ်
၅:၂၅ ၈။ **အိုးပိုင်အိမ်ပိုင်** ငှက်ပျောကြော်၊ အောင်လွင်၊ ရန်ပိုင်စိုး၊ မျိုးမျိုးခိုင် (ဒါရိုက်တာ-အောင်ဇော်)
၅:၄၀ ၉။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၂။ ပျော်ရွှင်စေသော နေ့ရက်များ **ဆံပင်နမ်းနည်း** စိုးရန်အောင်၊ ပုလဲဝင်း (ဒါရိုက်တာ- အောင်ကျော်သူရ)
၆:၅၅ ၁၃။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့် ချဉ်းကပ်ခြင်း
၇:၂၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်ဆုံးတစ်ယောက်တည်း** (အပိုင်း-၇)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလမ်းဆုံ** (အပိုင်း-၄၄)
၁၉။ **လွင်မိုးခရီးသွားနေသည် (မြိတ်ကျွန်းစုများဆီသို့)** (အပိုင်း-၄)
၂၀။ အစီအစဉ်ပြီး၏။

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မွန်ပြည်နယ် ဘီးလင်းမြို့ မြို့မဈေး၊ မြို့ပေါ်စာသင်ကျောင်းများနှင့် လမ်းဘေးဝဲယာရေမြောင်းများအတွင်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်နိုင်မိုး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ငါးခွန်မြို့၌ သွေးလွန်တုပ်ကွေးကာကွယ်

ငါးခွန် ဇူလိုင် ၂၉

ငါးခွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင် ကာကွယ်ရေးအတွက် ဇူလိုင် ၂၄ ရက်က ငါးခွန်မြို့ပေါ်ရှိ မူလတန်းကျောင်းများ၊ ဈေးများနှင့် ရပ်ကွက်အတွင်း ချုံနွယ်များ၊ ရေမြောင်းများအတွင်းသို့ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အမှုဆောင်အရာရှိ ဦးဝင်းဗိုလ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးဝင်းထွန်းတို့ကြီးကြပ်ဆောင်ရွက်ခဲ့သည်။ **(မြို့နယ်စည်ပင်)**

ပျော်ဘွယ်၌ ကိုယ့်အားကိုယ်ကိုး အခြေခံပညာမူလတန်းကျောင်း(ခွဲ)ဖွင့်

ပျော်ဘွယ် ဇူလိုင် ၂၄

ပညာရေးဝန်ကြီးဌာနအမှတ်(၂)အခြေခံပညာဦးစီးဌာန မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ် ချောင်းမကြီးကျေးရွာအုပ်စု ဆည်ရွာကျေးရွာတွင် ကိုယ့်အားကိုယ်ကိုးအခြေခံပညာမူလတန်းကျောင်း(ခွဲ) ဖွင့်ပွဲအခမ်းအနားကို ဇွန် ၆ရက် နံနက် ၉ နာရီက အဆိုပါကျောင်းရှေ့၌ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးနေဦး၊ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှတင့်ဝေ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းငွေ၊ မြို့နယ်ပညာရေးမှူး ဦးကမားကူးမားတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။**(အပေါ်ပုံ)**

အဆိုပါကျောင်းဆောင်သစ်ကိုကျောင်းကော်မတီဥက္ကဋ္ဌ ဦးတင်ရွှေနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်တို့၏ ကြီးကြပ်မှုဖြင့် ကျေးရွာပြည်သူများနှင့် စေတနာရှင်အလှူရှင်များ၏လှူဒါန်းငွေ ကျပ် ၇၈၉၄၀၀ ဖြင့် အကုန်ကျခံကာ အလျား ၅၄ ပေ၊ အနံပေ ၂၀၊ အမြင့် ၁၂ပေရှိသော တစ်ထပ်ကျောင်းဆောင်သစ်ကို ဆောက်လုပ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရှမ်းပြည်နယ်(တောင်ပိုင်း)မိုင်းပန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ဟိုဖိုင်လုံကျောက်ချောလမ်း ကျောက်စုဆောင်းထားရှိမှုကို အမှုဆောင်အရာရှိ ဦးဝဏ္ဏကျော်က ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းထွန်းဦးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း သဲကုန်း၌ဖွင့်

သဲကုန်း ဇူလိုင် ၂၈

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် သဲကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဖွင့်လှစ်သည့် စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း(၁၀/၂၀၀၉) ဖွင့်ပွဲကို ဇူလိုင် ၁၂ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်က အဖွင့်အမှာစကားပြောကြားပြီး သင်တန်းကို သဲကုန်းနယ်မြေရှိ ကျေးရွာအုပ်စု ၁၂အုပ်စုမှ သင်တန်းသား သင်တန်းသူ ၇၅ဦး တက်ရောက်ကြသည်။

သင်တန်းတွင် ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးနှင့် ရုပ်သံကျွမ်းကျင်-၃ ဦးစိုးသန်းတို့က စာကြည့်တိုက်များရေရှည်တည်တံ့ခိုင်မြဲရေး၊ စာငှားကတ်စနစ်ကျင့်သုံးရေး၊ စံ(၅)ချက်နှင့်ညီသော စာကြည့်တိုက်များဖြစ်ပေါ်လာရေး၊ မျိုးတူစုလုပ်ငန်း၊ ကက်တလောက်လုပ်ငန်းများကို စာတွေ့လက်တွေ့ ပို့ချဆွေးနွေးခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

အိမ်မဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ စည်ပင်နှင့်ပြည်သူ ပူးပေါင်းဆောင်ရွက်သည့် ချောင်းဝရပ်ကွက်(၅)လမ်း ကျောက်ချောခင်းခြင်း အရှည်ပေ ၇၈၀ ဆောင်ရွက်ပြီးစီးမှုကို အမှုဆောင်အရာရှိ ဦးမျိုးလွင် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးမိုးမြင့်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကော့ကရိတ်ခရိုင်ဥက္ကဋ္ဌဖလား အလွတ်တန်းဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

ကော့ကရိတ် ဇူလိုင် ၂၀

ကော့ကရိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား အလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဇူလိုင် ၅ရက်က မြို့နယ်အားကစားကွင်း၌ ကျင်းပရာ ၉၉၉ ကုန်သွယ်ရေးဘောလုံးအသင်းက အမှတ်(၇)ရပ်ကွက် ဘောလုံးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ဆုချီးမြှင့်

ဘောလုံးပွဲအပြီးတွင် ပွဲစဉ်တစ်လျှောက် အကူအညီအများဆုံးပေးခဲ့သော ကြက်ခြေနီအသင်းအား ဂုဏ်ပြုဆု၊ အသန့်ရှင်းဆုံး အသင်းလိုက်ဆု၊ ဒုတိယဆု၊ အကောင်းဆုံး အားကစားသမားဆုများကို တာဝန်ရှိသူများကချီးမြှင့်ပြီး ပထမဆုရ ၉၉၉ ကုန်သွယ်ရေးဘောလုံးအသင်းအား ပထမဆင့်ပွားရွှေစင်ရုပ်တု၊ သုံးနှစ်ပိုင် ဆုဖလားနှင့် ငွေသားဆု ငွေကျပ် ၁၅၀၀၀၀ ကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဝင်းနိုင်က ချီးမြှင့်သည်။**(အောက်ပုံ)** **(ခရိုင် ပြန်/ဆက်)**

မော်ကျွန်း၌ ဝင်ငွေတိုးအကျိုးများသော သီးနှံပင်စိုက်ပျိုး

မော်လမြိုင်ကျွန်း ဇူလိုင် ၂၆

လပွတ္တာခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးမောင်ကြည်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မော်လမြိုင်ကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ ပါဝင်သောအဖွဲ့သည် ဇူလိုင် ၉ရက် နံနက် ၉နာရီက မော်လမြိုင်ကျွန်းမြို့နယ် ဖိုးသာအေးကျေးရွာအုပ်စု ဖိုးသာအေးကျေးရွာတွင် ဒေသခံတောင်သူများ စိုက်ပျိုးထားသည့် ဟင်းသီးဟင်းရွက်စိုက်ခင်းများကို ကွင်းဆင်းလေ့လာ ကြည့်ရှုကြသည်။ (အောက်ပုံ)

အားပေးစကားပြောကြား

ထို့နောက် ဖိုးသာအေးကျေးရွာရှိ ဟင်းသီးဟင်းရွက်စိုက်ဧက ၂၀ ကျော်တွင် စိုက်ပျိုးလုပ်ကိုင်လျက်ရှိသော တောင်သူ ၄၁ဦးနှင့်တွေ့ဆုံကာ ဝင်ငွေတိုးပွားအကျိုးများသော ဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကို ဆက်လက်စိုက်ပျိုးလုပ်ကိုင်ကြရန် အားပေးစကားပြောကြားသည်။

ဝင်ငွေရရှိ

အဆိုပါ ဟင်းသီးဟင်းရွက် စိုက်ပျိုးလုပ်ကိုင်သော တောင်သူတစ်ဦးသည် တစ်နှစ်ပတ်လုံး ဟင်းသီးဟင်းရွက်တစ်ဧကစိုက်ပျိုးလုပ်ကိုင်ပါက ငွေကျပ်သိန်း ၄၀ကျော် ဝင်ငွေရရှိကြောင်း သိရသည်။

(၁၄၂)

ဟားခါး၌ စာဖတ်ဝိုင်းကျင်းပ

ဟားခါး ဇူလိုင် ၂၄

ချင်းပြည်နယ် ဟားခါးမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်တိုက်၌ စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းဆွေးနွေးပွဲကို ဇူလိုင် ၂၄ရက်က ကျင်းပရာ ဒုတိယဦးစီးမှူး ဒေါ်ပုမ်ခန့်နှမ်းက စာဖတ်ဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းသည်။

ထို့နောက် ဇူလိုင် ၁၈ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဆောင်းပါးရှင် မိခင်သန့်၏ မြန်မာတို့၏ဘဝပေး သမိုင်းပေးဆန္ဒအမှန် ဆောင်းပါးကိုစာထောက် ဒေါ်တိလ်နောန်းကလည်းကောင်း၊ ဇူလိုင် ၂၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဆောင်းပါးရှင် ကိုမြန်မာ၏ ပိုအရေးကြီးတဲ့အရာ ဆောင်းပါးကို ရုပ်သံ-၃ ဦးရှိန်းတမ်ကလည်းကောင်း ဖတ်ကြားရှင်းလင်းကြပြီး တက်ရောက်လာကြသည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများနှင့် စာဖတ်ပရိသတ်များ အပြန်အလှန် ဆွေးနွေးကြသည်။ (ပြည်နယ် ပြန်/ဆက်)

ကော့သောင်းမြို့နယ် ပြည်တွင်း ကုန်တင်ကုန်ချကော်မတီရုံး ကာယ၊ဉာဏ အလုပ်သမားကြီးများ၏ သားသမီးများအား ၂၀၀၉-၂၀၁၀ ပညာသင်နှစ်အတွက် ကျောင်းသုံးဗလာစာအုပ်နှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို ဇူလိုင်၅ရက်က တော်ဝင်အလုပ်သမားရိပ်သာ၌ကျင်းပရာ ဦးစီးအရာရှိ ဦးအောင်လွင်က ကျောင်းသားတစ်ဦးအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်စဉ်။ (ပညာရေး)

ဗန်းမောက်မြို့နယ်၌ စီမံကိန်းတာဝန်ပေးအပ်

ဗန်းမောက် ဇူလိုင် ၁၆

စစ်ကိုင်းတိုင်း ကသာခရိုင် ဗန်းမောက်မြို့၌ ၂၀၀၉-၂၀၁၀ စီမံကိန်း တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၁၅ရက် မွန်းတည့်၁၂နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေလွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်း ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းမြိုင်က ၂၀၀၈-၂၀၀၉ ခုနှစ် ဂျီဒီပီနှင့် စီမံကိန်းလုပ်ငန်းများကိုလည်းကောင်း၊ မြို့နယ်မြေစာရင်း ဦးစီးမှူး ဦးကျော်လွင်က မြေယာရှာဖွေ ဖော်ထုတ်ရေးနှင့် ပတ်သက်၍လည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးဝင်းရွှေက သီးနှံစိုက်ပျိုးရေးလုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

လက်ခံ

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးငွေလွင်က ၂၀၀၉-၂၀၁၀စီမံကိန်း တာဝန်များကို ပေးအပ်ရာ ဒေသစိတ်မှ တာဝန်ရှိသူများက လက်ခံကြသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးငွေလွင်နှင့်အဖွဲ့ ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် စာရေးများ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

သွေးလွန် တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ဇီးကုန်းမြို့ပေါ်ရှိ မြို့မဈေးကြီး၊ အထက၊ အလက နှင့် အမက ကျောင်း ခုနစ်ကျောင်း တို့ တွင် မြို့နယ် စည်ပင်သာ ယာ ရေး အဖွဲ့ အမှုဆောင်အရာရှိ ဦးရဲလတ်နှင့်ဝန်ထမ်းများဦးဆောင်၍လူမှုရေးအသင်းအဖွဲ့များနှင့်အတူ ခြင်ဆေးဖျန်းဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

ရွှေကူမြို့နယ် ငှက်တံတားကျေးရွာ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်လှစ်

ရွှေကူ ဇူလိုင် ၂၈

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် ငါးဘတ်ကြီးစံပြကျေးရွာအုပ်စု ငှက်တံတားကျေးရွာ အလင်းသစ်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်စာစောင် ရန်ပုံငွေလှူဒါန်းပွဲကို ဇူလိုင် ၂၆ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးကျော်စိုးနိုင်နှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျေးလက်နေပြည်သူများ တက်ရောက်ကြသည်။

ငှက်တံတားကျေးရွာ အလင်းသစ်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို မြို့နယ်ဦးစီးမှူးဦးကျော်စိုးနိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးခင်အောင်နီနှင့် ကျေးရွာဥက္ကဋ္ဌဦးဘဟန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

လှူဒါန်း

အလင်းသစ်စာကြည့်တိုက်အတွက် မြို့နယ်ဦးစီးမှူး ဦးကျော်စိုးနိုင်က ရန်ပုံငွေကျပ် ၅၀၀၀နှင့် သုတရသ၊ မဂ္ဂဇင်း စာစောင်အုပ် ၁၅၀၊ စေတနာရှင် ပြည်သူများက သုတရသ စာအုပ်စာစောင် အုပ် ၁၀၀နှင့် အလှူငွေကျပ် ၆၈၀၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စံ(၅)ချက်ညီ စာကြည့်တိုက်များဖြစ်ပေါ်ရေးနှင့် စာဌာနကတ်စနစ်ကျင့်သုံးရေး ကွင်းဆင်းဆွေးနွေး

မင်းလှ ဇူလိုင် ၁၅

သရက်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးလှမျိုးအောင်၊ ဒုတိယဦးစီးမှူးဒေါ်မြင့်မြင့်ဆွေနှင့် ဝန်ထမ်းများသည် ဇူလိုင် ၁၅ရက် မွန်းလွဲပိုင်းက အထက်မင်းလှမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးအောင်စိုးမိုး၊ မြို့နယ်ဦးစီးမှူးဒေါ်ဝါဝါလွင်နှင့် ဝန်ထမ်းများ ရွာတော်အုပ်စု သံပုရာကန်ကျေးရွာ သစ္စာရောင်ခြည် စာကြည့်တိုက်သို့ ရောက်ရှိပြီး အုပ်စုဥက္ကဋ္ဌ ဦးဝင်းနိုင်၊ စာကြည့်တိုက်ကော်မတီဝင်များ၊ ရွာမိရွာဖတို့နှင့် တွေ့ဆုံသည်။ အခမ်းအနားတွင် မြို့နယ်အတွင်းရေးမှူးက အမှာစကားပြောကြားပြီး ခရိုင်ဦးစီးအရာရှိက စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စာဖတ်သူလစဉ်စာအုပ် စာစောင်တိုးပွားရေး၊ စာဌာနကတ်စနစ်ကျင့်သုံး ဆောင်ရွက်ရေးတို့ကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်အတွင်းရေးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့က စာကြည့်တိုက်အတွက် စာအုပ်မျိုးစုံ ၅၀စီ ပေးအပ်လှူဒါန်းရာ အုပ်စုဥက္ကဋ္ဌနှင့် စာကြည့်တိုက်မှူး ဦးအောင်ဆန်း (မြွေစရိယဦးအောင်ဆန်း)တို့က လက်ခံယူကြောင်း သိရသည်။ **(အောက်ပုံ)**

(ခရိုင် ပြန်/ဆက်)

ဝိုင်းမော်မြို့နယ်၌ မှုခင်းကျဆင်းရေး ပညာပေးဟောပြော

ဝိုင်းမော် ဇူလိုင် ၂၆

ဝိုင်းမော်မြို့နယ် မှုခင်းကျဆင်းရေးနှင့် ပညာပေးဟောပြောပွဲ အခမ်းအနားကို ဇူလိုင် ၁၅ရက် ညနေ ၃နာရီ ၄၅မိနစ်က ဆမားခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်အောင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးတင်ဝင်းနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့နယ်အတွင်းရှိ ဗီဒီယိုလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဆွေးနွေးဟောပြော

အခမ်းအနားတွင် ဝိုင်းမော်မြို့နယ် ဗီဒီယိုအခြေခံဥက္ကဋ္ဌ ဦးမြင့်ဝင်းက ဗီဒီယိုလုပ်ငန်း၏ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ခရိုင်ရဲတပ်ဖွဲ့မှူးက ဗီဒီယိုလုပ်ငန်းနှင့် ဆက်စပ်ဖြစ်ပွားသော ရာဇဝတ်မှုများနှင့် အကျင့်စာရိတ္တပျက်ပြားမှုများ၊ ဗီဒီယိုဥပဒေပါပြစ်မှု ပြစ်ဒဏ်များကို ဆွေးနွေးဟောပြောကြောင်း သိရသည်။**(အပေါ်ပုံ)** **(ပြည်နယ်ရဲတပ်ဖွဲ့)**

မီးသတ်အဆောက်အအုံ ပန္နက်တင်ပွဲ မိုးကောင်း၌ကျင်းပ

မိုးကောင်း ဇူလိုင် ၂၄

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် မီးသတ်စခန်း အဆောက်အအုံ ဆောက်လုပ်ရန် ပန္နက်တင် မင်္ဂလာအခမ်းအနားကို ဇွန် ၂၃ရက် နံနက် ၁၀နာရီက မိုးကောင်းမြို့နယ် ဈေးကုန်းရပ်ကွက်ရှိ ဆောက်လုပ်မည့်မြေနေရာ၌ ကျင်းပရာ မြို့နယ်ခေတ္တဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်ငွေ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမြင့်သိန်း၊ မိုးကောင်းမြို့နယ် အရန်မီးသတ်တပ်ဖွဲ့မှ ဒုတိယတပ်ရင်းမှူး ဦးဆိုင်းနော်နှင့် မြို့နယ်တရားသူကြီး ဦးတိုးမြင့်တို့က သတ်မှတ်နေရာများ၌ ပန္နက်တင်ပေးကြသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင်၂ရက်က ချောင်းဆုံမြို့နယ် နတ်မော်ကျေးရွာ စက်ကုန်း၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်မြင့်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ သစ်တောဦးစီးဌာနနှင့် လူမှုရေးအသင်း အဖွဲ့ဝင်များ စပေါင်းသစ်ပင်စိုက်ပျိုးကြစဉ်။

(မြို့နယ်စည်ပင်)

လူထုအတွင်း ရှေးဦးပြုစုခြင်း(ဆင့်ပွား) သင်တန်းဖွင့်ပွဲကျင်းပ

ရွှေဘို ဇူလိုင် ၂၈

ရွှေဘိုခရိုင် ကြက်ခြေနီတပ်ဖွဲ့နှင့် ရွှေဘိုဒီဂရီကောလိပ်ကြက်ခြေနီအသင်းတို့ပူးပေါင်း ဖွင့်လှစ်သော လူထုအတွင်းရှေးဦးပြုစုခြင်း (ဆင့်ပွား) သင်တန်းအမှတ်စဉ်(၂) ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင်၂၁ရက်မွန်းလွဲ၂နာရီက ရွှေဘိုဒီဂရီကောလိပ် ရတနာသိဃ်ခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ ရွှေဘိုဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဦးရဲမြင့်အောင်က အမှာစကားပြောကြားပြီး ရွှေဘိုဒီဂရီကောလိပ် ကြက်ခြေနီအသင်းဥက္ကဋ္ဌဦးဝေလွင်က သင်တန်းနှင့် ပတ်သက်၍ သိသင့်သိထိုက်သည်များကို ရှင်းလင်းပြောကြားသည်။

သင်တန်းပို့ချ

ထို့နောက်ရွှေဘိုဒီဂရီကောလိပ်ကျောင်းအုပ်ကြီးဦးရဲမြင့်အောင်က ကျေးဇူးတင်စကားပြောကြားပြီး ရွှေဘိုခရိုင်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးမြင့်ကျော်က သင်တန်းအား ဆက်လက်ပို့ချကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဇွန် ၂၄ရက်က ထီးလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် မြို့ရေပေးဝေရေး ရေစိမ့်တွင်းတူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ထွန်း ကွင်းဆင်းကြည့်ရှုရာ လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို အမှုဆောင်အရာရှိ ဦးအောင်လွင်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ဆေးရုံသုံးပစ္စည်းလှူဒါန်းခြင်းနှင့် သွေးလွန်တုပ်ကွေးကာကွယ်ရေး ခြင်ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်

မအူပင် ဇူလိုင် ၂၄

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌမှ လှူဒါန်းသည့် ဆေးရုံသုံးပစ္စည်း၊ ဂလူးကို့စ်ပုလင်း အစုံ၂၀၀နှင့်ဓာတ်ဆားထုပ်၂၀၀ကိုတိုင်းဥက္ကဋ္ဌကိုယ်စား ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ချိုက မအူပင်မြို့နယ် ရွှေတောင်မော်ကျေးရွာ တိုက်နယ်ဆေးရုံသို့ ဇူလိုင် ၁၉ရက်တွင် လှူဒါန်းခဲ့သည်။

ထို့အပြင် ကျေးရွာရှိအထက်တန်းကျောင်း(ခွဲ)၌ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး ဟောပြောပွဲဆောင်ရွက်ခြင်း၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖုံး၊သွန်၊လဲ၊စစ် လုပ်ငန်းဆောင်ရွက်ခြင်း၊ စာသင်ကျောင်း၊ ဈေး၊ အများပြည်သူနှင့်သက်ဆိုင်သောနေရာများ၌ ခြင်ဆေးဖျန်းခြင်း ကို မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မှ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများဆောင်ရွက်ရာ ညွှန်ကြားရေးမှူးဦးတင်ချိုက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) **(မြို့နယ်စည်ပင်)**

သထုံမြို့ ဘင်လှိုင်ရပ်ကွက် ရေပုပ်ထုတ်မြောင်းမကြီး ရေစီးရေလာကောင်းမွန်စေရန် ဇွန်၁၂ရက်က မြောင်းအတွင်းရှိ ပိတ်ဆို့နေသော အမှိုက်များ ဆယ်ယူရှင်းလင်းခြင်း လုပ်ငန်းကို ဒုတိယဦးစီးမှူး(သန့်)ဦးအုံးသန့်နှင့် ရုံးဝန်ထမ်းများ စုပေါင်းဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနနှင့် JICA တို့ ပူးပေါင်းဖွင့်လှစ်သော အခြေခံငါးမွေးမြူရေးသင်တန်းအမှတ်စဉ် (၁/၂၀၀၉)ဖွင့်ပွဲ အခမ်းအနားကို ပြည်မြို့နယ် ထန်းပေါက်ကျေးရွာ၌ ဇူလိုင် ၉ ရက်ကကျင်းပရာ ပြည်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနဦးစီးမှူး ဦးမြင့်နိုင် အမှာစကားပြောကြားစဉ်။

(ခရိုင် ပြန်/ဆက်)

နေအိမ်နှင့်ကျောင်းများ၌ ခြင်ဆေးဖျန်းဆောင်ရွက်

မင်းလှ ဇူလိုင် ၂၀

ပဲခူးတိုင်း(အနောက်ပိုင်း) မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့်မြို့နယ်ကြက်ခြေနီတပ်ဖွဲ့တို့က အမှတ်(၆)ရပ်ကွက်နယ်မြေအတွင်းရှိ လူနေအိမ်များ၊ ကျောင်းများ၌ ခြင်ဆေးဖျန်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးဘုန်းမောင်က ကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။

(မြို့နယ်စည်ပင်)

30-7 (16).pmd 1 7/30/2009, 2:21 AM

မအူပင်တက္ကသိုလ် ပရဝဏ်အတွင်း ခတ်ပုံရိုက်ကူးရေးနှင့်ပတ်သက်သော ချိပ်ပိတ်တင်ဒါကြော်ငြာ

မအူပင်တက္ကသိုလ် ပရဝဏ်အတွင်း ၇-၉-၂၀၀၉ရက်မှ ၄-၉-၂၀၁၀ရက်အထိ ခတ်ပုံရိုက်ကူးရေးလုပ်ငန်းအတွက် ချိပ်ပိတ်တင်ဒါခေါ်ယူရန်ရှိပါသည်။ တင်ဒါတင်သွင်းလိုသူများသည် တင်ဒါပုံစံ စည်းကမ်းတစ်စုံလျှင် ကျပ်၅၀၀၀နှုန်းဖြင့် ဝယ်ယူပြီး ၂၇-၈-၂၀၀၉ရက် မွန်းတည့် ၁၂နာရီ နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

တင်ဒါပုံစံများကို စီမံရေးရာဌာနတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း စီမံရေးရာဌာန ဖုန်း-၀၄၅-၃၀၁၄၁တွင် စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
မအူပင်တက္ကသိုလ်။

ကမ္ဘာ့အေးစွန်းလွန်းဆရာတော်မွေးနေ့ပူဇော်ပွဲ ဖိတ်ကြားခြင်း

ကမ္ဘာ့အေးစွန်းလွန်းဆရာတော် အရှင်ဝိနယ၏ သက်တော်(၉၆)နှစ်မြောက် မွေးနေ့အထိမ်းအမှတ်ပူဇော်ပွဲအား (၁၃၇၁ခုနှစ် ဝါခေါင်လပြည့်နေ့) ၅-၈-၂၀၀၉ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၆း၃၀နာရီအချိန်တွင် ဆရာတော်အား ယောဂီများ စုပေါင်း၍ သိက္ခာထပ်ပါမည်။

ကမ္ဘာ့အေးစွန်းလွန်းပဋိပတ္တိသာသနနုဂ္ဂဟအဖွဲ့။

အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ကျွန်မ ဒေါ်မမကြီး အေအက်ဖ်-၀၆၅၉၆၁ မှ ပုသိမ်မြို့ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ၂ နယ်မြေအကွက်အမှတ် (၄၆-ခ) ယိုးဒယားကုန်းအကွက်၊ ဦးပိုင်အမှတ် (၃-က)၊ မြေဧရိယာ ၀ဒသမ၃၁၄ ဧက အနက်မှ ၀ ဒသမ ၀၄၃ ဧကရှိမြေနှင့်ပတ်သက်၍ ရုံးကိစ္စများလိုက်ပါဆောင်ရွက်နိုင်ရန် သားဖြစ်သူဦးသိန်းထွဋ် ၁၄/ပသန(နိုင်)၁၉၂၇၀၂သို့ ပုသိမ်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အထွေထွေပါဝါအမှတ် ၄၅၄/၂၀၀၃ ဖြင့်၂၈-၈-၂၀၀၃ရက်နေ့တွင် ကိုယ်စားလှယ်လွှဲစာ ပေးအပ်ခဲ့ပါသည်။

ယခုအခါ အထက်ပါမြေကွက် အစိတ်အပိုင်းများနှင့်ပတ်သက်၍ အရပ်ရပ်ကိစ္စရပ်များ ဆောင်ရွက်ရန်မလိုအပ်ပါတော့သဖြင့် ဒေါ်မမကြီးမှ ဦးသိန်းထွဋ်သို့ ပေးအပ်ခဲ့သောကိုယ်စားလှယ်ပါဝါအား ပုသိမ်မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အထွေထွေပါဝါ လွှဲပြောင်းထားခြင်းအား ဖျက်သိမ်းသည့်စာချုပ်အမှတ် ၁၃၇/၂၀၀၈ဖြင့် ၃-၁၁-၂၀၀၈ရက်မှစပြီး ရုပ်သိမ်းပယ်ဖျက်ပြီးဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်မမကြီး (အေအက်ဖ်-၀၆၅၉၆၁)
အမှတ် ၁၊ ရွှေစည်းခုံလမ်း၊ ပုသိမ်မြို့။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ပဲခူးခရိုင်တရားသူကြီးရုံးတော်
၂၀၀၈ ခုနှစ် တရားမကြီးမှုအမှတ်-၃၇၉

မန်နေဂျာ နှင့် ၁။ ဦးဘုန်းဝေ
မြန်မာ့စီးပွားရေးဘဏ် (၎င်းကိုယ်တိုင်နှင့် ကွယ်လွန်သူ ဦးစန်းမောင်၏ တရားဝင်ကိုယ်စားလှယ်)
ပဲခူးမြို့။ ၂။ ဦးဘုန်းမြင့်
၃။ ဦးဘုန်းနိုင် (ကွယ်လွန်သူ ဦးစန်းမောင်၏ တရားဝင်ကိုယ်စားလှယ်များ)
၄။ ဦးဘုန်းလှိုင်

တရားလို တရားပြိုင်များ

ပဲခူးမြို့၊ ဥသျှောင်မြို့သစ်(၁၃)ရပ်ကွက်၊ ရာဇာဓိရာဇ်လမ်းသွယ်၊ အမှတ် ၅၉ နေ (၁) ဦးဘုန်းဝေ၊ (၂) ဦးဘုန်းမြင့်၊ (၃) ဦးဘုန်းနိုင်၊ (၄) ဦးဘုန်းလှိုင် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ဘဏ်ချေးငွေပေါင်း ၅၇၆၁၅၃၅ကျပ် ၂၁ပြားအတွက် အပေါင်ဒီကရီရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်းသည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၉ခုနှစ် ဩဂုတ် ၇ရက် (၁၃၇၁ခုနှစ် ဝါခေါင်လပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ် ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၉ခုနှစ် ဇူလိုင်၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ သန်းသန်းရီ
ဒုတိယခရိုင်တရားသူကြီး(၂)
ပဲခူးခရိုင်တရားရုံး၊ ပဲခူးမြို့။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ပဲခူးခရိုင်တရားရုံး
၂၀၀၉ ခုနှစ် တရားမကြီးမှုအမှတ်-၁၇၈

မန်နေဂျာ **နှင့်** ၁။ ဦးသိန်းမြင့်၊ ၂။ ဒေါ်ကြည်သန်း
မြန်မာ့စီးပွားရေးဘဏ်၊ ပဲခူးမြို့။
တရားလို **တရားပြိုင်များ**

ပဲခူးတိုင်း၊ ရွှေကျင်မြို့၊ ညောင်ဝိုင်းရပ်၊ ယုဇနလမ်း၊ အမှတ်(၆၃)နေ (၁) ဦးသိန်းမြင့်၊ (၂)ဒေါ်ကြည်သန်း (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ဘဏ်ချေးငွေပေါင်း ၃၉၂၂၄၉၄ကျပ် ၇၁ပြားအတွက် အပေါင်ဒီကရီ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၉ခုနှစ် ဩဂုတ် ၇ရက် (၁၃၇၁ခုနှစ် ဝါခေါင်လပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၉ခုနှစ် ဇူလိုင် ၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **သန်းသန်းရီ**
ဒုတိယခရိုင်တရားသူကြီး(၂)
ပဲခူးခရိုင်တရားရုံး၊ ပဲခူးမြို့။



ယာဉ်မှတ်ပုံတင်လျှောက်ထားခြင်း

ယာဉ်အမှတ် တက/၆၉၅၁၇
Yinxiang wave125 m/c ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင် ၅/မရန(နိုင်)၁၄၇၄၄၈က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန(ခရိုင်ရုံး)၊
လှိုင်လင်မြို့။

အမည်ဖြည့်စွက်ခေါ်ပါရန်

ကျိုင်းတုံမြို့နေ အဖ ဦးလော်မဲ၏ သမီး မစောသီဂီထွေး ၁၃/ကတန(နိုင်)၁၁၄၆၉၀အား မစောသီဂီထွေး (ခ)မမီမီညိုဟု ဖြည့်စွက်ခေါ်ပါရန်။

မစောသီဂီထွေး(ခ)မမီမီညို။

ဥတုရာသီ တောကိုမှီ၏

၁၈-၇-၂၀၀၉ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ- စာမျက်နှာ ၁၈ မှ ဦးအဒူး(ခ)အလီ၏ အများသိစေရန်ကြော်ငြာခြင်းအပေါ် ပြန်လည်ကန့်ကွက်ရှင်းလင်းခြင်း

ဦးအဒူး(ခ)ဦးအလီ (ISN- ၂၄၈၄၈၄)၏ ကြော်ငြာသော ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်းရပ်ကွက်၊ ကွင်းအမှတ် (၅၃၅/B) မြေကွက်၊ အုတ်ဖိုရိုးမြောက်ပိုင်း၊ ဦးပိုင်အမှတ်(၁၅၀)၊ ဧရိယာ၀ဒသမ ၅၅ ဧကရှိ မြေကွက်သည် ၂၁-၄-၁၉၈၈ခုနှစ်ကတည်းက အမွေခံများဖြစ်သော ဒေါ်စောရာ၊ ဒေါ်ဘူဒီး၊ ဦးမောင်စိန် သုံးဦးအား အချိုးကျအညီအမျှ ခွဲဝေယူရန် ဆုံးဖြတ်ထားပြီးသောကိစ္စဖြစ်၍ ဦးအာရှရောအလီ(ခ)ဦးမောင်စိန် တစ်ဦးတည်းမှ မြေကွက်တစ်ခုလုံးအား ဦးအဒူး(ခ)ဦးအလီသို့ အပြီးအပိုင်လွှဲပြောင်းပေးပြီးဖြစ်သည်မှာ မှန်ကန်ခြင်းမရှိပါ။ ဦးမောင်စိန်မှာ ဖော်ပြပါမြေကွက်အတွက် ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်း ပေးအပ်ခြင်းမပြုနိုင်သကဲ့သို့ ဦးအဒူးမှာလည်း လက်ခံရယူခြင်းမပြုနိုင်ပါ။ ထို့အပြင် ဥယျာဉ် ခြံမြေဖြစ်၍ တရားဝင်မှတ်ပုံတင်စာချုပ်ဖြင့် လွှဲပြောင်း၍မရနိုင်ပါကြောင်း ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

ကွယ်လွန်သူ ဒေါ်စောရာ၏သမီးဖြစ်သူ ဒေါ်ကြူ(ISN-၂၄၈၃၉၂)၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးတင်မောင်သိန်း	**ဒေါ်အိအိခင်**
B.A.,R.L.,D.B.L.,D.I.L	**LL.B.,LL.M**
တရားရုံးချုပ်ရှေ့နေ	**အထက်တန်းရှေ့နေ**
ဖုန်း-၀၉-၅၀-၇၆၁၅၈	**ဖုန်း- ၃၇၆၉၈၄**

အမှတ်၁၊ ၃၄လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။



ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးရေခဲလမ်း(အေးသီတာလမ်းတောင်ဘက်)၊ မြေကွက်အမှတ်(၆၀၊၆၁)၊ အကျယ်အဝန်း ပေ(၄၀ ×၄၀) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ကျွန်ုပ်မိတ်ဆွေတစ်ဦးက ဝယ်ယူရန် ပိုင်ရှင် ဦးနှစ်ဆန်း ၁၂/ရကန(နိုင်)၀၇၂၅၀၁နှင့်ဒေါ်နန်းသလေးဖော ၃/ ဘအန(နိုင်)၁၆၉၆၈၀တို့၏ အထွေထွေကိုယ်စားလှယ်စာရသူ ဦးပီတာငြိမ်းသို့ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများနှင့် ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ဆက်လက်ပြုလုပ် ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးအောင်ထွန်းမင်းB.Sc., H.G.P.,D.B.L
အထက်တန်းရှေ့နေ
အမှတ်၂၇(ခ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၉၉-၂၆၄၆၁၊ ၀၉-၈၆-၀၂၁၄၆။

အမည်ပြောင်း

အဖ ဦးကျော်လွင်၏သား မောင်ကျော်သူရလွင် ၁၂/ရကန(နိုင်)၀၅၉၃၈၃အား ယနေ့မှစ၍ မောင်အောင်သူရလွင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အောင်သူရလွင်။**

ဇနီးအဖြစ်မှ စွန့်လွှတ်ပြတ်စဲကြောင်း
ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ စမ်းချောင်းမြို့နယ်၊ ကျွန်းတောတောင်ရပ်ကွက်၊ ဇမ္ဗူရာဇ်လမ်း အမှတ်-၂၂နေ ဦးအောင်အေးကြည် ၁၂/ပဘတ(နိုင်)၀၀၇၄၄၃၏ ဇနီး ဒေါ်တင်တင်အေး ၁၂/ဥကတ(နိုင်)၁၃၀၆၇၂သည် ခွင့်မလွှတ်နိုင်သောကိစ္စကို ပြုမူ ဆောင်ရွက်၍ ၂၆-၇-၂၀၀၈ရက်က နေအိမ်မှဆင်းသွားပြီး ဦးအောင်အေးကြည်နှင့် လင်ခန်းမယားခန်း ဆက်သွယ်မှုလုံးဝမရှိတော့ပါသဖြင့် ဇနီးအဖြစ်မှ စွန့်လွှတ်ပြတ်စဲပြီးဖြစ်ကြောင်းနှင့် ဦးအောင်အေးကြည်နှင့်ဒေါ်တင်တင်အေးတို့သည် မည်သို့မျှ ပတ်သက်မှုမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအောင်အေးကြည်၏ညွှန်ကြားချက်အရ-
ဦးမောင်မောင်စိန် B.A.,H .G.P., R.L (တရားရုံးချုပ်ရှေ့နေ)
တိုက်-၄၆၊ အခန်း(F-2)၊ မဟာမြိုင်အိမ်ရာ၊
၄၁-တိုးချဲ့ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ပြင်ဦးလွင်မြို့နယ်တရားရုံး
၂၀၀၉ခုနှစ် တရားမကြီးမှုအမှတ်-၁၇

ဦးစိန်ကိုကို **နှင့်** ဒေါ်ရွှေမွေး
တရားလို **တရားပြိုင်**

ပြင်ဦးလွင်မြို့၊ လားရှိုး-မန္တလေးလမ်းမကြီးဘေး၊ စကားဝါမြိုင်ခြံရပ်နေ ဒေါ်ရွှေမွေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ကတိအတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၉ခုနှစ် ဩဂုတ် ၁၃ရက် မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၉ခုနှစ် ဇူလိုင် ၁၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **မြမြဦး**
တွဲဖက်မြို့နယ်တရားသူကြီး၊ ပြင်ဦးလွင်မြို့နယ်တရားရုံး။

၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ပေါက်ခေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ဒလမဲကျေးရွာအဝင်လမ်း မြေနီဂဝံခင်းခြင်းလုပ်ငန်းကို ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းကျော်မျိုး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိန်ဝင်းတို့က ရှင်းလင်းတင်ပြကြစဉ်။

(မြို့နယ်စည်ပင်)

ဒီပဲယင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သာယာလှပရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့ လမ်းလယ်ကျွန်းတွင် အင်ကြင်းကျောက် ရေကန်တို့ဖြင့် မြေယာရှုခင်းအလှပြင်ဆင်ထားရှိမှုကို အမှုဆောင်အရာရှိ ဦးတိုးကြည်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်လှိုင်ဝင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)



လှည်းကူး၌ ခြင်ဆေးဖျန်း

လှည်းကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဇူလိုင် ၄ရက်က အောင်မင်္ဂလာရပ်ကွက် သီတာအေး(၂)လမ်း ရေမြောင်းများတွင် ခြင်၊ ယင်ပေါက်ပွားမှုမရှိစေရေးနှင့် အနံ့အသက်ကင်းစင်စေရေး ခြင်ဆေးဖျန်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

ပြည်သူ့သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

“အနာဂတ် ဒီမိုကရေစီ နိုင်ငံတော်သစ်ကို ဒီက လှမ်းမြင်နေကြရပြီ။ တိုင်းပြည် ဖွံ့ဖြိုးတိုးတက် ခေတ်မီတယ်ဆိုတာ သမိုင်းကြောင်းရာဇဝင်ရှည်တာ တိုတာနဲ့ မဆိုင်လှဘူး။ သယံဇာတတွေပေါကြွယ်ခြင်း၊ ဆင်းရဲချို့တဲ့ခြင်းနဲ့လည်း မသက်ဆိုင်ကြဘူး။ လူတွေရဲ့ အသားဖြူခြင်း၊ မည်းခြင်းတို့နဲ့လည်း မဆိုင်ပါဘူး။ ပြည်သူတွေ အမြော်အမြင်(ပညာ) ရှိကြပြီး အောင်မြင်ရမယ်ဆိုတဲ့ (ဆန္ဒာဓိပတိ)၊ ကြိုးစားကြမယ်ဆိုတဲ့ (ဥဋ္ဌာနသမ္ပဒါ) တရားတွေ ပြည့်စုံရင် မကြာခင်မှာ သိသိသာသာ တိုးတက်လာကြမယ်။ လူတွေအရေးကြီးတာ”။

ကိုကိုညီညီ၏ ဆောင်းပါး စာ ၈ - ၉

ရန်ကုန်တိုင်း မိုးစပါးတိုင်းလုံးကျွတ် ထွန်တုံးပိတ်ပွဲနှင့် တိုင်းအဆင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ ကျင်းပ

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇူလိုင် ၂၉

ရန်ကုန်တိုင်း မိုးစပါးတိုင်းလုံးကျွတ် ထွန်တုံးပိတ်ပွဲနှင့် တိုင်းအဆင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာအနီးရှိ ယာယီမဏ္ဍပ်၌ကျင်းပရာ ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကား ပြောကြားသည်။

အမှာစကားပြောကြား

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌများက မိုးစပါးကွင်းပိတ်ပွဲ အစီရင်ခံစာများကို တိုင်းမှူးထံ ပေးအပ်ကြသည်။ *စာမျက်နှာ ၇ ကော်လံ ၁* ✻

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကမ္ဘာ့လူတုပ်ကွေး ကပ်ရောဂါဖြစ်ပွားသည့် လူနာတစ်ဦး ထပ်မံတွေ့ရှိ

ရောဂါဖြစ်ပွားသူ စုစုပေါင်း ၁၀ ဦးရှိသွားပြီ

နေပြည်တော် ဇူလိုင် ၂၉

စင်ကာပူနိုင်ငံမှပြန်လာသူ အသက် (၅၇)နှစ်အရွယ် အမျိုးသားတစ်ဦး ဖျားသဖြင့် ဇူလိုင် ၂၈ ရက်တွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းပေးခဲ့ကြောင်း၊ လူနာထံမှ ဓာတ်ခွဲနမူနာကိုရယူပြီး ပြည်သူ့ကျန်းမာရေးဓာတ်ခွဲဌာနတွင် စမ်းသပ်စစ်ဆေးခဲ့ရာ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ New Influenza A (H1N1) ပိုးတွေ့ရှိရကြောင်း၊ အဆိုပါအမျိုးသားမှာ မြန်မာနိုင်ငံသို့ ဇူလိုင် ၂၀ ရက်က ခရီးစဉ်အမှတ် MI-512 ဖြင့် ပြန်လည်ရောက်ရှိလာသူဖြစ်ကြောင်း သိရသည်။

စောင့်ကြပ်ကြည့်ရှု

လူနာနှင့်အတူနေ မိသားစုဝင် ၁၃ ဦးအား နေအိမ်၌ပင်နေစေပြီး စောင့်ကြပ်ကြည့်ရှုခြင်း(Home Quarantine)ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လူနာအမျိုးသားနှင့်အတူ စီးနင်းလိုက်ပါလာသည့် MI-512 လေယာဉ်စီးခရီးသည် ၇၄ ဦးနှင့် လေဆိပ်ဝန်ထမ်း ၁၃၁ ဦးအား ၄င်းတို့နေထိုင်ရာနေရာများသို့ သက်ဆိုင်ရာက တုပ်ကွေးရောဂါလက္ခဏာရှိ မရှိ စောင့်ကြပ်ကြည့်ရှုလျက်ရှိကြောင်း သိရှိရသည်။

ပြုစုစောင့်ရှောက်

မြန်မာနိုင်ငံတွင် ယနေ့အထိ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါဖြစ်ပွားသူ ၁၀ ဦးရှိပြီး လေးဦးမှာ ရောဂါပျောက်ကင်းသဖြင့် ဆေးရုံမှဆင်းပေးပြီးဖြစ်ကြောင်း၊ ကျန်လူနာခြောက်ဦးကိုလည်း အထူးကုဆရာဝန်ကြီးများဖြင့် စနစ်တကျ ပြုစုစောင့်ရှောက်လျက်ရှိကြောင်း သိရသည်။

ယနေ့အထိ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါပိုး New Influenza A (H1N1) ဟု သံသယရှိသူ ၁၀၇ ဦးအား ပြည်သူ့ကျန်းမာရေးဓာတ်ခွဲဌာနမှ စမ်းသပ်စစ်ဆေးခဲ့ရာ ပိုးတွေ့ရှိသူ ၁၀ ဦးရှိခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)